# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (22-3-2016) (၈၅၁၃)


**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့်

**စာမျက်နှာ ၃ ကော်လံ ၆ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ဌာနနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ ၁၈ ဦး သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြု

စာမျက်နှာ - ၅




**ကြေးမုံ စာတည်းရှုထောင့်** — ၂၂-၃-၂၀၁၆၊ အင်္ဂါနေ့

# ကလေးငယ်များကျန်းမာရေး အလေးပေး

ကလေးငယ်များ၏ ခန္ဓာကိုယ်တည်ဆောက်ထားမှုမှာ နုနယ်ပြီး ဖွံ့ဖြိုးနေသောအရွယ် ဖြစ်သည်။ အသားအရေ၊ ခန္ဓာကိုယ်တွင်းအစိတ်အပိုင်းများမှာ နုပျိုလန်းဆန်းနေသည်။ အထူးသဖြင့် ကလေးငယ်များ၏ဦးနှောက်ပိုင်းဆိုင်ရာတို့မှာ ပိုမိုနူးညံ့ပြီး ဦးနှောက်ခွံမှအစ ခိုင်ခံ့ရင့်မာမှုမရှိသေးချေ။ ထို့ကြောင့်ကလေးငယ်များ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ထိခိုက်မှုမရှိအောင် အထူးဂရုစိုက်ကြရသည်။

ကလေးငယ်များ၏ ဦးနှောက်အမြေးမှာပါးလွှာသဖြင့် ထိခိုက်လွယ်သည်။ ကလေးငယ်များ၏ ဦးနှောက်ကို မထိခိုက်နိုင်စေရန်အတွက် ဦးနှောက်အမြေးပါး ရောင်ရမ်းခြင်းမဖြစ်အောင် အထူးဂရုစိုက်ရသည်။ ယခုအခါ ပူပြင်းသောနွေရာသီကာလတွင် နေအပူရှိန်ကြောင့် ကလေးများ ဦးနှောက်ရောင်ရောဂါမရအောင် ဂရုစိုက်စောင့်ရှောက်ပေးရမည် ဖြစ်သည်။

အဆိုပါရောဂါသည် ရာသီဥတုပူပြင်းပြီး ဖုန်ထူသည့်နေရာဒေသများတွင် ဖြစ်ပွားလေ့ရှိသည်။ ဦးနှောက်အမြေးပါးရောင်နှင့် ဦးနှောက်အသားရောင် ရောဂါလက္ခဏာတို့သည် ဆင်တူယိုးမှားတူပြီး ခွဲခြားနိုင်ရန်ခက်ခဲသော ရောဂါများဖြစ်သည်ဟု သိရသည်။ အထူးသဖြင့် ဗက်တီးရီးယားပိုးများကြောင့် အများဆုံးဖြစ်နိုင်သော်လည်း အချို့ဗိုင်းရပ်စ်ပိုးများဝင်ရောက်နေသည့် လက္ခဏာများလည်းရှိသည်ဟု သိရသည်။

မည်သို့ပင်ရောဂါရသည်ဖြစ်စေ ကလေးဦးနှောက်အတွင်းသို့ ပိုးဝင်ခြင်းပင်ဖြစ်သည်။ ရောဂါပိုးဝင်ရောက်ပါက ကလေးတစ်ဦးနှင့်တစ်ဦး ရောဂါလက္ခဏာမတူညီချေ။ အချို့ ဖျားခြင်း၊ တက်ခြင်း၊ အန်ခြင်း၊ မှိန်းခြင်းစသည်ဖြင့် ပုံစံအမျိုးမျိုးပြနိုင်ပါသည်။

ဗက်တီးရီးယားပိုးကြောင့်ဖြစ်တတ်သလို တီဘီပိုး၊ ငှက်ဖျားပိုးကြောင့်လည်း ဖြစ်တတ်သည်။ ထို့ကြောင့် ရောဂါပိုးကိုခွဲခြားရန် ခက်ခဲသောအချိန်တွင် ပထမဆုံးကုသမှုမှာ ပိုးသတ်ဆေးထိုးပေးခြင်းဖြစ်သည်။ ထို့နောက် ဆီး၊ သွေး၊ ခါးတွင်းရည်၊ ဦးခေါင်းတို့ကို စစ်ဆေးပြီးမှ မည်သည့်ရောဂါဖြစ်ကြောင်း သိနိုင်ပေသည်။ သို့သော် ထိုအခြေအနေမျိုးလောက်နှင့် အဖြေကိုတိကျစွာ ဖော်ထုတ်နိုင်ခြင်းမရှိသည့် ရောဂါများလည်းရှိသည်။

ဦးနှောက်အမြေးရောင်ရောဂါ၊ ဦးနှောက်အသားရောင်ရောဂါများသည် ကူးစက်မြန်ရောဂါများဖြစ်သည်။ ချောင်းဆိုး၊ နှာချေသည်မှအစ ကူးစက်လွယ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ လွယ်ကူစွာ ကူးစက်ပျံ့နှံ့စေသည်။ ကလေးငယ်များ အဆိုပါရောဂါရပါက အသက်ရှင်သန်နိုင်မှု ရာခိုင်နှုန်း ၃၀၊ ဉာဏ်ရည်မမီ၊ မသန်စွမ်းစသည့် နာတာရှည်ရောဂါဖြစ်နိုင်မှု ရာခိုင်နှုန်း ၃၀ နှင့် အသက်အန္တရာယ်စိုးရိမ်ရမှု ရာခိုင်နှုန်း ၃၀ ရှိနေသည်ဟု ကလေးကျန်းမာရေးပညာရှင်က အသိပေးထားသည်။

ထို့ကြောင့် ကလေးသူငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသည့် ဦးနှောက်အမြေးပါးရောင်၊ ဦးနှောက်အသားရောင်ရောဂါကို ကလေးမိဘများ၊ အုပ်ထိန်းသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက အထူးဦးစားပေး သတိပြုကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါသည်။ နုနယ်သောကလေးသူငယ်များ အဆိုပါရောဂါပိုးများ မဝင်နိုင်အောင် ကလေးငယ်များအား အထူးဂရုစိုက်ကြရမည်ဖြစ်သည်။

မိဘများအနေဖြင့် ကလေးငယ်များအား စောင့်ကြည့်ရမည်ဖြစ်ပြီး နေထိုင်စားသောက်လှုပ်ရှားမှုများမှအစ အပေါ့အပါးသွားခြင်းအဆုံး အကဲခတ်လေ့လာကြည့်ရှုခြင်း၊ ထိန်းကျောင်းစောင့်ရှောက်ခြင်း၊ ရောဂါလက္ခဏာများဖြစ်နိုင်သည်ဟုယူဆရပါက နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းများသို့ အမြန်ဆုံးသွားရောက်ခြင်းတို့ကို ပြုကြရမည်ဖြစ်သည်။ ဦးနှောက်အမြေးပါးရောင်ရောဂါသည် ရာသီဥတုအလိုက် ဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး အိမ်နီးချင်းနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဖြစ်ပွားနေသည်ဟု သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမများသော်လည်း မဖြစ်မီကတည်းက ကလေးငယ်များအား ကြိုတင်ကာကွယ် စောင့်ရှောက်ပေးခြင်းအနေဖြင့် မိမိတို့၏အရွယ်ရောက်စ ကလေးငယ်တိုင်း၏ အပြုအမူ၊ အနေအထိုင်၊ အစားအသောက်တို့ကို အလေးထားစောင့်ကြည့်လေ့လာကာ အချိန်မလွန်မီ ပြုစုစောင့်ရှောက်ပေးနိုင်စေရန် တိုက်တွန်းလိုက်ပါသည်။ ။

## အတွေ့အကြုံဗဟုသုတများ ပူးပေါင်းဖလှယ်နိုင်စေမည့် မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပမည်

**မန္တလေး မတ် ၂၁**

ဆွစ်ဇာလန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC)၏ အဓိကပံ့ပိုးမှု၊ Goe the Institute ရန်ကုန်၊ မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း (MMO)တို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် Myanmar Upper Land(MUL) မှ မြန်မာ့ရုပ်စုံသဘင်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရုပ်စုံသဘင် အနုပညာရှင်များအချင်းချင်း အတွေ့အကြုံဗဟုသုတများ ပူးပေါင်းဖလှယ်နိုင်စေပြီး သင်ကြားသင်ယူနိုင်စွမ်းသောအလေ့အကျင့်၊ ရုပ်စုံသဘင်နှင့် ဆက်စပ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အနုပညာရှင်များအား ချိတ်ဆက်နိုင်စွမ်းသောအခြေခံကောင်းများ ရှင်သန်ဖွံ့ဖြိုးလာစေရန်အတွက် မြန်မာနှင့်နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်နှင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ရုပ်စုံသဘင် တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် ခေတ်အဆက်ဆက် မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ ဗဟုသုတ၊ အသိပညာများ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်း အခန်းကဏ္ဍများကို ဟောပြောဆွေးနွေးခြင်း၊ မြန်မာ့ရုပ်စုံသင်တန်းဆင်း သင်တန်းသား သင်တန်းသူများ၏ တီထွင်ဖန်တီးမှုပြကွက်များနှင့် ညနေ ၆ နာရီမှ ၉ နာရီအထိ မြန်မာ့ဆိုင်းဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ အင်ဒိုနီးရှားရုပ်စုံအဖွဲ့ (Paper Moon Puppet)၊ ထိုင်းရုပ်စုံအဖွဲ့ (Baby Mine Puppet Troupe)တို့က ဖျော်ဖြေခြင်း၊ ရန်ကုန်နှင့် မန္တလေးမြန်မာ့ရုပ်စုံသဘင်အဖွဲ့များက ဖျော်ဖြေခြင်း၊ ကျောက်ဆည်ဆင်အကဖြင့် ဖျော်ဖြေပွဲများ ပါရှိမည်ဖြစ်သည်။

အဆိုပါ ဖျော်ဖြေပွဲသို့ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း၊ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းကော်မတီ၏ ပူးပေါင်းမှုဖြင့် မြန်မာ့လက်မှု အနုပညာအရောင်းပြခန်းများနှင့် မြန်မာ့ရိုးရာအစားအစာများလည်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

❐



## ကမ္ဘာ့ကဗျာများနေ့ အခမ်းအနားကျင်းပ

**ပခုက္ကူ မတ် ၂၁**

ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်း ဦးအုန်းဖေ စာကြည့်တိုက်တွင် ကမ္ဘာ့ကဗျာများနေ့ အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပရာ ကဗျာဆရာကြီး ဆရာမကြီးများ၊ ပခုက္ကူကဗျာဆရာ ဆရာမများနှင့် ကဗျာချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ထို့အပြင် ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်ဖြင့် "မတ်လပေါ် ဖြာကျနေသော တေးသွားများ" ကဗျာပေါင်းချုပ်အမည်ဖြင့် ပခုက္ကူကဗျာဆရာများအသင်းမှ စီစဉ်ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရသည်။ **(ဆလိုင်းကိုကီး)**




## မြောင်းမြတွင် ဓာတ်အားခွဲရုံတိုးချဲ့ဖွင့်လှစ်

**မြောင်းမြ မတ် ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြောင်းမြမြို့၌ ၆၆/၃၃ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ဖွင့်ပွဲ ကို မတ် ၂၀ ရက် နံနက်က မြောင်းမြဓာတ်အားခွဲရုံအတွင်း ကျင်းပသည်။

ယခင်က မြောင်းမြဓါတ်အားခွဲရုံတွင် ၄ အမ်ဗွီအေ နှစ်လုံး၊ ၅ အမ်ဗွီအေတစ်လုံး စုစုပေါင်း ၁၃ အမ်ဗွီအေဖြင့်သာ မြောင်းမြနှင့် ဝါးခယ်မမြို့သို့ ပို့လွှတ်ကာ မျှဝေသုံးစွဲခဲ့ရပြီး ယခု ၅ အမ်ဗွီအေ တစ်လုံး တိုးချဲ့တပ်ဆင်ပေးခြင်းကြောင့် ပြည်သူများ လျှပ်စစ်ဓာတ်အားကို ပိုမိုအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၁**

ရန်ကုန်(ရွှေဈေး) - ၇၉၇၀၀၀ - ၇၉၈၀၀၀၊ မန္တလေး(ရွှေဈေး) ၇၉၇၀၀၀ - ၇၉၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**၁၄-၃-၂၀၁၆ ရက်နေ့မှ ၁၈-၃-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၈၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၄၀ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၂. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၈၈၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၃၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၂. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄. ၃၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၄. ၀၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၄. ၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးပရိသတ်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပရိသတ်များ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

**ရွှေဖုံးမှ**

ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။ **စာမျက်နှာ ၄ သို့ »»**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**»» စာမျက်နှာ ၃ မှ**

ထို့အတူ ဒုတိယသမ္မတများ၏ ဇနီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးတို့က သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# တောင်သမန်ငှက်လှေများ နိုင်ငံခြားသားတို့ စိတ်ဝင်စား

**မြင်းမူ မတ် ၂၀**

မြန်မာနိုင်ငံ၏နွေရာသီနေပူပူတွင် တောင်သမန်အင်းကကြွဲ့ကြွဲ့ခံ၍ နွေရာသီကို အံတုနေသည်။ မခန်းနိုင်သော တောင်သမန်ရေပြင်တွင် ငှက်လှေများက အပန်းဖြေလာသူများကို ကြိုဆိုနေသည်။ အထူးသဖြင့် နိုင်ငံခြားသားခရီးသွားများ၏ စိတ်ဝင်စားမှုကို အခံရဆုံးဖြစ်သည်။

နိုင်ငံခြားသားခရီးသွားများကလည်း ကန်ရေပြင်အလှနှင့် ဦးပိန်တံတားတို့၏အလှကို ရေပြင်ပေါ်မှ ငှက်လှေစီးရင်းခံစားကြသည်။ ပါလာသောကင်မရာဖြင့် မြန်မာ့သဘာဝရှုမျှော်ခင်းအလှကို မှတ်တမ်းတင်ကြသည်။

ထို့ကြောင့်လည်း ငှက်လှေသမားတို့အတွက် ဝင်ငွေအဆင်ပြေကြသည်။ ငှက်လှေဖြင့် ကန်ရေပြင်တစ်ပတ်လှည့်ပတ်ပို့ဆောင်ရုံဖြင့် ငွေကျပ် ၇၀၀၀ ရရှိကြသည်။ တစ်နေ့လျှင် အနည်းဆုံး သုံးခေါက်မျှ ပို့ဆောင်ရရုံဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေကြသည်။ နိုင်ငံခြားသားများကလည်း မိမိတို့သိလိုသမျှ မြင်လိုသမျှ သိခွင့်မြင်ခွင့် မှတ်တမ်းတင်ခွင့်ရရှိကြသဖြင့် ကျေနပ်နေကြသည်။ ဝန်ဆောင်မှုအကောင်းဆုံးကို ပေးစွမ်းနိုင်သော မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ကျေနပ်အားရဖွယ်ရာဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၆၂၄)

❐



# ဒေသခံပြည်သူများ အဓိကအားထားသွားလာအသုံးပြုသည့် မိတ္ထီလာကန်ကူးတံတားသစ် ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ မတ် ၂၀**

မိတ္ထီလာဒေသခံပြည်သူများအဓိကအားထားသွားလာ အသုံးပြုသည့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်ရှိ မိတ္ထီလာကန်ကူးတံတားသစ်လေးလမ်းသွား ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ယင်း တံတားအနောက်ဘက်ထိပ်တွင် ပြုလုပ်သည်။

အဆိုပါ မိတ္ထီလာကန်ကူးတံတားသစ်ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။ မိတ္ထီလာကန်ကူးတံတားသစ်လေးလမ်းသွားကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကန်ကူးတံတားသစ်ကမ္ပည်းကျောက်စာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် မိတ္ထီလာကန်ကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် အတူ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးပြီး ကန်ကူးတံတားသစ် အနောက်ထိပ်မှ အရှေ့ထိပ်သို့ စုပေါင်းလမ်းလျှောက်ကြသည်။

မိတ္ထီလာကန်ကူးတံတားသစ်မှာ အရှည် ပေ ၈၀၀၊ အကျယ် ၄၈ ပေ၊ လူသွားလမ်းတစ်ဖက် ခြောက်ပေဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girderများဖြင့် စုစုပေါင်းကျပ်သန်း ၂၇၀၀ အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကန်ကူးတံတားသစ်တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများသာမက မန္တလေး၊ တောင်ကြီး၊ မြင်းခြံ၊ ရန်ကုန်၊ ကျောက်ပန်းတောင်းမြို့ကြီးတို့သို့ ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ လမ်းခရီးအဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ချမ်းသာ-မိတ္ထီလာ)**

# မန္တလေးမြို့တွင် နွေရာသီပညာဒါနအင်္ဂလိပ်စာ အခမဲ့တက်ရောက်သင်ကြားနိုင်

**မန္တလေး မတ် ၂၀**

Royal English Education Centre(REEC)မှ ဧပြီ ၂၀ ရက်မှ မေ ၃၀ ရက်ထိ General English-4 Skills အခြေခံသင်ခန်းစာ နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်စာ အခမဲ့ သင်ကြားပေးမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများမှစ၍ မည်သူမဆိုအခမဲ့ တက်ရောက်သင်ကြားနိုင်သည်။

"အင်္ဂလိပ်စာကို အပေါ်ယံနားထောင်တတ်၊ ဖတ်တတ်၊ ပြောတတ်ရုံနဲ့ မလုံလောက်ပါဘူး။ အခြေခံကျကျ ရေးတတ်ဖို့လည်း လိုအပ်ပါတယ်။ ငယ်ရွယ်တဲ့ ကလေးတွေအတွက် အခြေခံအုတ်မြစ် ခိုင်မာအောင် Grammer,Essay,Letter Writing များကို ကိုယ်တိုင်တွေး၊ ကိုယ်တိုင်ရေးတတ်အောင်၊ ကျွမ်းကျင်တတ်မြောက်အောင် နည်းစနစ်တကျ သင်ကြားပေးမှာပါ။ အင်္ဂလိပ်စာကို ဘဝတစ်လျှောက်လုံး အသုံးချနိုင်အောင် ပညာဒါနအဖြစ် အခမဲ့ သင်ကြားပေးမှာပါ"ဟု သင်ကြားပေးမည့် ဆရာမဒေါ်ပြည့်စုံမြင့်က ပြောသည်။

အဆိုပါ ပညာဒါနအင်္ဂလိပ်စာ သင်တန်းတွင် General English -4 Skills အခြေခံသင်ခန်းစာမှ စတင်သင်ကြားပေးမည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများမှစပြီး သင်တန်းအချိန်မှန် တက်ရောက်နိုင်သူများ တက်ရောက်နိုင်သည်။ စနစ်တကျသင်ကြားပေးနိုင်အောင် လူဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုပါက ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်း လမ်းသွယ်(၁၇) (၆၈)လမ်းနှင့် (၆၉)လမ်းကြား၊ ဖုန်း-၀၉-၄၄၄၀၃၀၅၁၃၊ ၀၉-၂၀၃၇၇၉၆ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(၀၀၂)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ဌာနနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ ၁၈ ဦး သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြု

နေပြည်တော် မတ် ၂၁

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်၊ ပြည်ထောင်စုဝန်ကြီးဦးရေသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ဆောင်ရွက်သည်။**



နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးထင်ကျော်

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးထင်ကျော်က ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လက်ရှိ ပကတိအခြေအနေအရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့ကို မူလအတိုင်းထားရှိမည်ဖြစ်ပါကြောင်း။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ ကျင်းပစဉ်။

အချို့ဝန်ကြီးဌာနများမှာ အမျိုးတူ၊ ဘာသာရပ်တူ၊ လုပ်ငန်းသဘောတူသည့်အတွက် ပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ သမ္မတရုံးဝန်ကြီးဌာန(၆)ခုကို တစ်ခုတည်းထားရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာန တစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းပေါင်းစပ်ဖွဲ့စည်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ယဥ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ကို သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားများအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံးငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်လိုအပ်နေသည့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းထားပါကြောင်း၊ ဝန်ကြီးဌာနများ ယခုကဲ့သို့ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် ဝန်ကြီးဌာနများ လျော့နည်းသွားသည့်အတွက် အလုပ်လက်မဲ့ဖြစ်နိုင်ကြောင်း စိုးရိမ်နေမှုကို ကြားသိရပါကြောင်း၊ ဝန်ကြီးဌာနများကို ပေါင်းစည်းလိုက်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးဦးရေ လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့နေရာချထားခြင်းအားဖြင့် အလုပ်အကိုင်လုံခြုံမှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ညီညွတ်ခြင်းရှိသည့် အလုပ်မျိုးကိုသာ လုပ်ကိုင်ပါက အလုပ်လက်မဲ့လုံးဝမဖြစ်နိုင်ကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ လျော့နည်းသွားခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရမူဝါဒများကို ဖော်ဆောင်ရာတွင်ဖြစ်စေ နှောင့်နှေးကြန့်ကြာမှုများ၊ ငွေကြေးကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် လျော့နည်းသွားသည့် ဝန်ကြီးများ၏ ငါးနှစ်သက်တမ်းအတွင်း လစာစရိတ်၊ အဆောင်အယောင်နှင့်အသုံးစရိတ် သန်းပေါင်း (၅၀၀၀) ခန့်ကို နိုင်ငံတော်အတွက် ခြိုးခြံချွေတာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမှုကို အတတ်နိုင်ဆုံး လျော့နည်းသက်သာပြီး အတတ်နိုင်ဆုံး ခြိုးခြံချွေတာနိုင်မှသာ နိုင်ငံတော်ဘဏ္ဍာငွေများ စုဆောင်းနိုင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖြစ်မှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်များအတွက် နိုင်ငံ့ဘဏ္ဍာအရန်ငွေ ချန်ထားနိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ပိုသည့်နေရာမှ လိုသည့်နေရာသို့ ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် မျှဝေနိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါ လျှော့ချလိုက်သည့်ဝန်ကြီးများ၏ သန်းပေါင်း(၅၀၀၀) ခန့်ရှိသည့် လစာနှင့် အဆောင်အယောင် အသုံးစရိတ်များကို နိုင်ငံတော်တွင် လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားရေးရှုရေး၊ ပြည်သူ့ဘဏ္ဍာခြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၁)၊ နည်းဥပဒေ (၂၄)တို့နှင့်အညီ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးကြရာ ထောက်ခံမဲ (၆၁၁) မဲ၊ ကန့်ကွက်မဲ(၃)မဲ၊ ကြားနေမဲ(၂၂)မဲနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ထောက်ခံမဲ (၆၀၁) မဲ၊ ကန့်ကွက်မဲ (၂၂) မဲနှင့် ကြားနေမဲ (၁၄) မဲ အသီးသီးရရှိကြပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ယင်းကိစ္စများအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအမည် သတ်မှတ်ချက်များအနက်မှ ယဥ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနအစား သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန ပြင်ဆင်သတ်မှတ်ခြင်းကိုပါ လွှတ်တော်က အတည်ပြုကြေညာသည်။

ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၅၃ ဦးအနက် ၆၄၇ ဦး တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

**ဝန်ကြီးဌာနများ ယခုကဲ့သို့ ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် ဝန်ကြီးဌာနများ လျော့နည်းသွားသည့်အတွက် အလုပ်လက်မဲ့ဖြစ်နိုင်ကြောင်း စိုးရိမ်နေမှုကို ကြားသိရ၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့နေရာချထားခြင်းအားဖြင့် အလုပ်အကိုင် လုံခြုံမှုပေးနိုင်မည်ဖြစ်**

**မိမိအနေဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားရေးရှုရေး၊ ပြည်သူ့ဘဏ္ဍာ ခြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သောအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်**

## ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

**ဟားခါး မတ် ၂၁**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ၊ တိုင်ကြားစာနှင့် အသနားခံစာ စိစစ်ရေးကော်မတီဖွဲ့စည်းရန်နှင့် ယင်းကော်မတီများတွင် ပါဝင်မည့်အမည်စာရင်းများကို အဆိုပြုတင်ပြသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ပြည်နယ်လွှတ်တော်မှ အဆိုပြုတင်ပြသည့် ရေးရာကော်မတီများ၏ သက်တမ်း၊ တာဝန်များ၊ လုပ်ငန်းများ၊ ကော်မတီများ အစားထိုးလဲလှယ်ခြင်း၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီမှရပ်စဲခြင်း၊ အရေးယူရန် တင်ပြခြင်းများအား ရှင်းလင်းဆွေးနွေးကာ အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားပါသည်။

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချင်းပြည်နယ် (ပြန်/ဆက်)**

# အကူအညီအထောက်အပံ့ဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (AIMS)

နွေခင်မင်(စီမံစီးပွား)

နိုင်ငံတကာအကူအညီအထောက်အပံ့များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာပြောင်းလဲမှုများ၌ အဓိကအရေးပါပြီး မဟာဗျူဟာကျသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ နိုင်ငံတော်၏ လုပ်ငန်းစဉ်များအား ရှေ့ဆက်ဆောင်ရွက်ရာတွင် အဆိုပါ အကူအညီအထောက်အပံ့များအား မည်သို့မည်ပုံအသုံးချပြီး မည်သည့်အောင်မြင်မှုများ၊ အကျိုးကျေးဇူးများ ရရှိခဲ့သည်ကို ကျွန်ုပ်တို့အားလုံးသိရှိရန် လိုအပ်ပါသည်။

အကူအညီအထောက်အပံ့များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ပွင့်လင်းမြင်သာပြီး နားလည်စေရန် ဆောင်ရွက်ခြင်းအားဖြင့် အလိုအပ်ဆုံးသောနေရာများ၌ ထိရောက်စွာအသုံးပြုနိုင်ရန် မိမိတို့အားလုံး အတူတကွ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရ၊ လွှတ်တော်၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူများပါဝင်သည့် ပူးပေါင်းပါဝင်သူများ (stakeholders)အားလုံးယင်းအကူအညီအထောက်အပံ့ဆိုင်ရာ အချက်အလက်များ(data)အား သိရှိနိုင်စေရန် လုပ်ဆောင်ခြင်းအားဖြင့် မည်သူသည် မည်သည့်နေရာ၌ မည်သည်တို့ကိုလုပ်ဆောင်နေသည်ကို ကျွန်ုပ်တို့အားလုံး ရှင်းလင်းစွာသိမြင်နိုင်မည် ဖြစ်ပါသည်။

ပွင့်လင်းမြင်သာသည့် အကူအညီအထောက်အပံ့များသည် အရေအတွက်မျှသာမဟုတ်ဘဲ အကျိုးဆက်ရလဒ်များလည်းဖြစ်ပေါ်စေပါသည်။ ပြည်သူများအနေဖြင့် ၎င်းတို့၏ပတ်ဝန်းကျင်တွင်ရှိသည့် အကူအညီ၊ အထောက်အပံ့နှင့် နည်းပညာအကူအညီများ၏ အကျိုးဆက်ရလဒ်အား ပိုမိုနားလည်သဘောပေါက်စေရန် အကူအညီ အထောက်အပံ့ သတင်းအချက်အလက်များဆိုင်ရာ အခွင့်အလမ်းများအား ပွင့်လင်းစွာချပြရမည်ဖြစ်ပါသည်။

မြန်မာပြည်သူများအားလုံး မိမိတို့နိုင်ငံ၌ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီများအား မည်သို့အသုံးပြုနေသည်ကို နားလည်စေနိုင်ခြင်းအား ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေလိုသည်မှာ မိမိတို့၏ဆန္ဒပင်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် အစောပိုင်းမှစ၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့သော ပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ နိုင်ငံတကာအကူအညီများ စီးဝင်လာမှုတိုးတက်များပြားလာခဲ့ပြီး မြန်မာနိုင်ငံရှိ ပြည်သူများ၏လိုအပ်ချက်များကို ထိရောက်စွာပံ့ပိုးနိုင်ခဲ့ပါသည်။

နိုင်ငံတကာအကူအညီများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum-1st MDCF)ကို ကျင်းပနိုင်ခဲ့ပါသည်။ 1st MDCF ဖိုရမ်အား ကျင်းပနိုင်ခြင်းမှ အောက်ဖော်ပြပါ အရေးကြီးသည့်အခွင့်အလမ်းများကို ရယူနိုင်ခဲ့ပါသည် -

- အစိုးရသည် နိုင်ငံတကာအသိုက်အဝန်းဆီသို့ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အခြေအနေများ သိရှိစေရန်၊
- အစိုးရ၏ ဦးစားပေးဆောင်ရွက်သည့်လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ပေးရန်၊
- အစိုးရနှင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများမှ ရှေ့ဆက်လက်ပြီး ထိရောက်သည့် စွမ်းဆောင်ရည်ရှိသည့် ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့များအတွက် မူဘောင်ကိုသဘောတူရန်။

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ထိရောက်ပြီး ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် "နေပြည်တော်သဘောတူညီချက်" (Nay Pyi Taw Accord)ကို ချမှတ်နိုင်ခဲ့ပါသည်။

နေပြည်တော်သဘောတူညီချက်တွင် မြန်မာနိုင်ငံအစိုးရနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုမိတ်ဖက်များက ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို တိုးမြှင့်နိုင်ရန်အတွက် သဘောတူခဲ့ကြသော ကတိကဝတ်များကို ဖော်ပြထားပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ဒေသတွင်းဦးဆောင်နိုင်မှု၊ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုများအားမြှင့်တင်ရန်၊ အလှူရှင်နိုင်ငံများမှ လက်ခံရရှိသော အကူအညီအထောက်အပံ့များကို ဒေသတွင်း၌ အကျိုးရှိစွာအသုံးပြုနိုင်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထိရောက်သောစည်းမျဉ်းစည်းကမ်းများ ပါရှိပါသည်။ ထိုစည်းမျဉ်းစည်းကမ်းများမှ အလေ့အကျင့်ကောင်းများနှင့် ရရှိလာသောသင်ခန်းစာများအား မြန်မာနိုင်ငံ၏ နိုင်ငံတကာစေ့စပ်ညှိနှိုင်းမှုတွင် အသုံးပြုလျက်ရှိပါသည်။

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှစတင်၍ အစိုးရ၊ လွှတ်တော်၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပညာရှင်အသိုင်းအဝိုင်းများသည် နိုင်ငံခြားအကူအညီအထောက်အပံ့များအတွက် ပြီးပြည့်စုံသည့်စနစ်တစ်ခုဖြစ်ပေါ်လာရန် ပွင့်လင်းစွာဆွေးနွေးတိုင်ပင်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ လုပ်ငန်းကဏ္ဍအဖွဲ့များကို ဖွဲ့စည်းနိုင်ခဲ့ပြီး ပါဝင်ဆောင်ရွက်သူများ (Stakeholders)မှ ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအဆင့်အလိုက် သတင်းအချက်အလက်များမျှဝေနိုင်ရန် အတူတကွ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

အစိုးရနှင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအတွက် ဆောင်ရွက်သည့် စီမံခန့်ခွဲမှုများ၊ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီများ မြန်မာနိုင်ငံတွင်းသို့ စီးဝင်နေမှုများအတွက် လေ့လာဆန်းစစ်ရန် လိုအပ်လာပါသည်။ အရေးကြီးသည်မှာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ကောင်းမွန်သောဆန္ဒများ၊ အကျိုးကျေးဇူးရလဒ်များအား မည်မျှရယူနိုင်မည်ဆိုသည်ကိုသိရှိရန် လိုအပ်လာပါသည်။ ထို့အတူ ကောင်းမွန်သည့်စေတနာဖြင့် ပေးအပ်လာသည်များကို အမှန်တကယ်လိုအပ်သည့်နေရာများတွင် တာဝန်သိစိတ်ဖြင့် ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။

နေပြည်တော်သဘောတူညီချက်အရ မြန်မာအစိုးရအနေဖြင့် စီမံကိန်းများနှင့် ဘတ်ဂျက်ခွဲဝေမှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအကြား ထိရောက်သည့်အကူအညီများ ဖြစ်စေရေးအတွက် အကူအညီအထောက်အပံ့ သတင်းအချက်အလက် စီမံခန့်ခွဲမှုနစ် (Aid Information Management System- AIMS)ကို တည်ထောင်နိုင်ရန် ပါဝင်ပါသည်။

၂၀၁၃ ခုနှစ်တွင် အီးယူနှင့် ယူအင်ဒီပီတို့ အကူအညီဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ နီပေါနိုင်ငံတို့မှ ၎င်းတို့၏ AIMS နှင့် ပတ်သက်သည့်အတွေ့အကြုံများကို လေ့လာခွင့်ရရှိခဲ့ပါသည်။ အီးယူ၏ အကူအညီဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီမောနိုင်ငံသို့ သွားရောက်၍ ၎င်းတို့၏ အကူအညီအထောက်အပံ့စီမံခန့်ခွဲမှုစနစ် တည်ထောင်ထားရှိမှုကို လေ့လာနိုင်ခဲ့ပါသည်။ လေ့လာမှုများ၏ရလဒ်အဖြစ် မြန်မာနိုင်ငံ၏ အကူအညီအထောက်အပံ့ သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာများတွင် အလွယ်တကူရရှိနိုင်ရန်အတွက် AIMS တစ်ခုတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ပါ၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ဥရောပသမဂ္ဂ(အီးယူ)၏ အကူအညီအထောက်အပံ့ဖြင့် နိုင်ငံခြားအကူအညီ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (AIMS)ဝက်(ဘ်)ဆိုက် "www.mohinga.info"အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် နေပြည်တော်ရှိ အမျိုးသားကုန်သွယ်မှုဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သော တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum-3rd MDCF) တွင် အောင်မြင်စွာလွှင့်တင်ခဲ့ပါသည်။

AIMS စနစ် စတင်တည်ထောင်ချိန်တွင် မည်သည့်ပုံစံ၊ အရောင်အသွေးနှင့် မည်သူတို့မှ ဝင်ရောက်ကြည့်ရှုနိုင်သည့် အချက်များကို ဦးစွာစဉ်းစား၍ စတင်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများရှိ ဝက်(ဘ်)ဆိုက်များနှင့် အခြား AIMS စနစ်များကိုလေ့လာခဲ့ပြီး AIMS စနစ်တွင် ပါဝင်ရမည့်သတင်းအချက်အလက်များကို ကာလတို၊ ကာလရှည်အလိုက် ဖော်ပြနိုင်ရန်၊ ခေတ်နှင့်လျော်ညီစေရန်နှင့် အသုံးပြုရလွယ်ကူစေရန်၊ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်၊ လေ့လာသူများအနေဖြင့် အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် ထည့်သွင်းစဉ်းစား၍ စတင်ဆောင်ရွက်ခဲ့ပါသည်။

AIMS စနစ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ကြည့်ရှုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှလည်း ၎င်းတို့၏ အချက်အလက်များကို online data entry form အသုံးပြု၍ ဖြည့်သွင်းထားခြင်းဖြစ်ပြီး အကူအညီပေးအပ်မှုများကို ဇယားများ၊ ဂရပ်ပုံများဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ အသုံးပြုသူများအနေဖြင့် အချက်အလက်များကို Excel ဖိုင်ဖြင့် ရယူနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကြုံတွေ့နေရသည့် နောက်ထပ်မေးခွန်းတစ်ခုမှာ မြန်မာနိုင်ငံ၏ AIMS စနစ်သစ်တွင် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ မည်ကဲ့သို့ အစီရင်ခံဆောင်ရွက်နေသည်ကို သိရှိလိုကြခြင်းဖြစ်သည်။ အကူအညီ၊ အထောက်အပံ့ရရှိမှုဆိုင်ရာ အစီရင်ခံခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအကူအညီ ပွင့်လင်းမြင်သာမှု ကနဦးအစီအစဉ် (International Aid Transparency Initiative - IATI) စနစ်ရှိခြင်းမှာလည်း ကျွန်ုပ်တို့အတွက် သတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများသည် ၎င်းတို့၏ အကူအညီ၊ အထောက်အပံ့ပေးမှုဆိုင်ရာ အချက်အလက်များကို IATI ပုံစံဖြင့် အသုံးပြုကြပါသည်။ AIMS စနစ်အား နိုင်ငံတကာအဆင့်နှင့် လျော်ညီစွာ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး IATI နှင့် လိုက်လျောညီထွေဖြစ်သော၊ မိုဘိုင်းဖုန်းဖြင့် အလွယ်တကူအသုံးပြုနိုင်သော၊ ပွင့်လင်းမြင်သာသော နိုင်ငံပိုင်စနစ်တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် ဇွန်လတွင် IATI ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး လက်ရှိတွင် IATI ဦးဆောင်ကော်မတီအစည်းအဝေးများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် IATI သို့ ပေးပို့သောအချက်အလက်များ AIMS သို့ အလိုအလျောက် ထည့်သွင်းနိုင်ရေးအတွက် ယူကေအစိုးရအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဌာန (DFID) ၏ အချက်အလက်များကို ပထမဆုံးအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်မှုရလဒ်အဖြစ် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဌာနမှ IATI သို့ ပေးပို့ထားသည့် အချက်အလက်များကို အလိုအလျောက်စာရင်းသွင်းနိုင်ပြီဖြစ်ပါသည်။ အခြားသောဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီစီမံချက်ဆိုင်ရာ အချက်အလက်များအား IATI စနစ်မှ AIMS တွင် ထည့်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် IATI တွင် စာရင်းသွင်းပြီး သတင်းအချက်အလက်များကို update ပြုလုပ်ခြင်း၊ feedback ပေးခြင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ဌာနချုပ်အကြား သတင်းအချက်အလက်များကို တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ IATI အဖွဲ့ဝင်မဟုတ်သူများ၏ အချက်အလက်များကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက စုစည်း၍ IATI ပုံစံသို့ ပြောင်းလဲဖော်ပြထားပါသည်။

ကြုံတွေ့ရသည့် စိန်ခေါ်မှုတစ်ရပ်မှာ အရည်အသွေးပြည့်ဝသည့် ကိန်းဂဏန်းများရရှိရန် ကန့်သတ်ချက်များရှိနေခြင်းဖြစ်ပါသည်။ AIMS တည်ထောင်ပြီးသည့်တိုင် သတင်းအချက်အလက်များကိုရရှိရေးအတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ အတူတကွစုစည်းဆောင်ရွက်ခဲ့ရပါသည်။ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် အကူအညီပေးအပ်မှုလုပ်ငန်း ၁၅၀၀ ကျော်၏ အချက်အလက်များကိုလေ့လာနိုင်ခဲ့ပါသည်။ AIMS လုပ်ငန်းများပံ့ပိုးနိုင်ရန် လုပ်ငန်းအဖွဲ့(Task force)တစ်ဖွဲ့ကို ဖွဲ့စည်းထားပြီး နည်းပညာဆိုင်ရာအကူအညီများပေးပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် အဆိုပါစနစ်ကို အသုံးပြုနိုင်ရန် ဌာနတွင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများမှပေးပို့လာသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ပြည့်စုံမှုရှိ၊ မရှိ ဆန်းစစ်မှုပြုလုပ်ပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်လုပ်ငန်းကော်မတီ (Foreign Economic Relations Department- Development Partner Working Committee) အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

AIMS စနစ်မှ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများ(activities)၊ စီမံချက်ဒေသများ(locations)၊ ကဏ္ဍများ(sectors)၊ နိုင်ငံအဖွဲ့အစည်းများ၏ အချက်အလက်(Donors profile)၊ ငွေကြေးဆိုင်ရာ(finances)စသည့် အချက်အလက်များ သိရှိနိုင်မည်ဖြစ်ပြီး စီမံချက်အကောင်အထည်ဖော်သည့် ဒေသထပ်နေခြင်း၊ လုပ်ငန်းထပ်နေခြင်းတို့ကိုလည်း သိရှိနိုင်မည်ဖြစ်ပါသည်။ အချက်အလက်များ ပြည့်စုံမှုပေါ်မူတည်၍ အစီရင်ခံတင်ပြသည့် အဖွဲ့အစည်းများအားအဆင့်များ သတ်မှတ်ဖော်ပြပေးပါသည်။

Aid Information Management System(AIMS) အား "မုန့်ဟင်းခါး" (Mohinga) အဖြစ် ခေါ်ဆိုရသည့်အကြောင်းမှာ မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် နံနက်စာကိုအစွဲပြု၍ တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ နံနက်စာစားပြီး တစ်နေ့တာလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန် စွမ်းအင်များပြည့်ဝသကဲ့သို့ အကူအညီအထောက်အပံ့မှာလည်း ထို့အတူပင်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာပြည်သူများအနေဖြင့် မုန့်ဟင်းခါးကို နှစ်သက်စွာစားသုံးကြသလို နိုင်ငံတကာအထောက်အပံ့များမှတစ်ဆင့် တစ်နိုင်ငံလုံး အကျိုးကျေးဇူးရရှိခံစားနိုင်ရန် ယုံကြည်ပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အချိန်အခါကောင်းဖြစ်ပြီး ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် အခြေခံအုတ်မြစ်ကောင်းများ လိုအပ်ပါသည်။ AIMS စနစ်သည် ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေသည့် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် အချင်းချင်း အပြန်အလှန်လေးစားယုံကြည်မှုတည်ဆောက်ပြီး နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ စာရေးသူအနေဖြင့်လည်း AIMS စနစ် တည်ထောင်ခြင်းမှတစ်ဆင့် မြန်မာပြည်သူတို့၏ ဘဝကို မြှင့်တင်ပေးနိုင်ရန် နှစ်ဆတိုး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> ❝ ပွင့်လင်းမြင်သာသည့် အကူအညီ အထောက်အပံ့များသည် အရေအတွက်မျှသာမဟုတ်ဘဲ အကျိုးဆက်ရလဒ်များလည်းဖြစ်ပေါ်စေပါသည်။ ပြည်သူများအနေဖြင့် ၎င်းတို့၏ပတ်ဝန်းကျင်တွင်ရှိသည့် အကူအညီ၊ အထောက်အပံ့နှင့် နည်းပညာအကူအညီများ၏ အကျိုးဆက်ရလဒ်အား ပိုမိုနားလည် သဘောပေါက်စေရန် အကူအညီ အထောက်အပံ့ သတင်းအချက်အလက်များဆိုင်ရာ အခွင့်အလမ်းများအား ပွင့်လင်းစွာ ချပြရမည်ဖြစ် ❞



## တရုတ်နှင့်နီပေါ ရထားလမ်းဖောက်လုပ်ရေးနှင့် ကုန်သွယ်ရေးဇုန်ထူထောင်နိုင်ရေး ဆွေးနွေး

**ပေကျင်း မတ် ၂၁**

တရုတ်နှင့် နီပေါနိုင်ငံအကြား ရထားလမ်းဖောက်လုပ်ရေးကိစ္စကို သုံးသပ်လေ့လာသွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်ရေးဇုန် ထူထောင်နိုင်ရေးအတွက် ဖြစ်တန်ခြေလေ့လာမှု ပြုလုပ်သွားရန် တရုတ်နိုင်ငံက မတ် ၂၁ ရက်တွင် သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော နီပေါဝန်ကြီးချုပ် ကေပီအိုလီသည် မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ဝန်ကြီးချုပ် လီခချန်းနှင့် တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ခေါင်းဆောင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သော နီပေါနိုင်ငံသည် ယင်း၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံအပေါ် မှီခိုအားထားနေရမှု လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဟိမဝန္တာတောင်တန်းရှိ နီပေါနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား သဘာဝအရ ကြားခံပေးထားသော နိုင်ငံငယ်လေး တစ်နိုင်ငံဖြစ်သည်။

နီပေါနိုင်ငံသည် ယမန်နှစ် စက်တင်ဘာလက ဘုရင်စနစ်ခေတ်လွန်ကာလ ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို မကျေနပ်သော တိုင်းရင်းသားမျိုးနွယ်များက နယ်စပ်ဒေသ၌ ပိတ်ဆို့ဆန္ဒပြမှုများ ပြုလုပ်ခဲ့သည်။ အိန္ဒိယ နိုင်ငံဘက်မှ ဝင်ရောက်လာသော ထရပ်ကားများကို ပိတ်ဆို့ထားခဲ့ရာ နီပေါနိုင်ငံ၌ စက်သုံးဆီနှင့် ဆေးဝါးပြတ်တောက်မှုပြဿနာကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရသည်။

လွန်ခဲ့သည့်လတွင် နယ်စပ်ဒေသအား ပိတ်ဆို့ထားမှု ပြီးဆုံးခဲ့သော်လည်း ကုန်ပစ္စည်းရှားပါးမှု ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်နေချိန်တွင် မြို့တော်ပေကျင်းသို့ မိမိရောက်ရှိလာခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် အိုလီက ပြောကြားသည်။ နှစ်နိုင်ငံ ဆက်သွယ်မည့် ရထားလမ်းနှစ်လမ်း ဖောက်လုပ်နိုင်ဖွယ်ရှိမှုကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

## အင်ဒိုနီးရှားစစ်ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လူ ၁၂ ဦး သေဆုံး

**ဂျကာတာ မတ် ၂၁**

အင်ဒိုနီးရှားစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအလယ်ပိုင်း၌ မတ် ၂၁ ရက်တွင် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါသွားသူ ၁၂ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်။

အင်ဒိုနီးရှားစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်သည် ပျက်ကျသွားပြီး ဆူလာဝေစီကျွန်း ပိုဆိုမြို့ ဆင်ခြေဖုံးဒေသရှိ စိုက်ခင်းတစ်ခုထဲတွင် မီးလောင်ပေါက်ကွဲသွားခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မောင်းနှင့် တပ်ဖွဲ့ဝင် ၁၃ ဦးလိုက်ပါသွားသည်ဟု အင်ဒိုနီးရှားစစ်ဘက်က ပြောကြားသည်။

အင်ဒိုနီးရှားစစ်ဘက်သည် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)အဖွဲ့ကို သစ္စာခံသည်ဟု ကတိပြုထားသည့် စစ်သွေးကြွများကို နှိမ်နင်းရန် ပိုဆိုဒေသတွင် တပ်ဖွဲ့ဝင်များဖြန့်ကြက်ချထားသည်။ ယင်းဒေသသည် စစ်သွေးကြွများ အခိုင်အမာနေရာယူထားသည့် ဒေသဖြစ်သည်။

ရဟတ်ယာဉ်သည် ပိုဆိုမြို့သို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ရဟတ်ယာဉ်သည် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ပျက်ကျရခြင်းဖြစ်ဖွယ်ရှိသည်ဟု ယူဆကြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သည့်လကလည်း လေတပ်တိုက်လေယာဉ်တစ်စင်း လူနေရပ်ကွက်တစ်ခုပေါ်သို့ ပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။ ထို့ပြင် လွန်ခဲ့သည့်နှစ် ဇွန်လတွင်လည်း လေတပ်ပို့ဆောင်ရေးလေယာဉ်တစ်စင်း လူနေရပ်ကွက်တစ်ခုပေါ်သို့ ပျက်ကျခဲ့မှုကြောင့် လူ ၁၂၀ သေဆုံးခဲ့ရသည်။ **အင်န်အိတ်ချ်ကေ။**



## အမေရိကန်နှင့်ဖိလစ်ပိုင် စစ်စခန်းသဘောတူညီချက် မေးခွန်းထုတ်စရာဖြစ်ရဟု တရုတ်ပြောကြား

**ပေကျင်း မတ် ၂၁**

အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံအကြား လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်အရ ဖိလစ်ပိုင်နိုင်ငံ၏ စစ်အခြေစိုက်စခန်းငါးခုတွင် အမေရိကန်၏စစ်ရေးတည်ရှိမှုကို ခွင့်ပြုပေးခြင်းသည် တောင်တရုတ်ပင်လယ်အတွင်း စစ်ရေးပဋိပက္ခအတွက် ပြင်ဆင်သည့်လုပ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းများအနက် ကူးလူးသွားလာမှုအများဆုံး ရေကြောင်းလမ်းများတည်ရာ တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းပိုင်နက်အငြင်းပွားမှုများ တိုးတက်ဖြစ်ပေါ်နေချိန်တွင် အမေရိကန်ပြည်ထောင်စုက အရှေ့အာရှနိုင်ငံများ၌ စစ်ရေးစွမ်းပကားများမြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဒေသအတွင်းရှိ နိုင်ငံများသည် တောင်တရုတ်ပင်လယ်တွင်း ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကျွန်းစုများ၌ တရုတ်နိုင်ငံက လူလုပ်ကျွန်းများတည်ဆောက်ကာ စစ်ရေးအခြေစိုက်စခန်းများ တည်ဆောက်နေခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းရှိ တတိယနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် လုံခြုံရေးအကျိုးစီးပွားများအား ထိခိုက်မှုမရှိသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်က ပြောကြားသည်။ **ရိုက်တာ။**



## ပျောက်ဆုံးမလေးရှားလေယာဉ်မှဖြစ်ဖွယ်ရှိသော အပျက်အစီးအပိုင်းအစ ဩစတြေးလျသို့ရောက်ရှိ

**ဆစ်ဒနီ မတ် ၂၁**

ပျောက်ဆုံးသွားခဲ့သော မလေးရှားလေကြောင်းဌာနပိုင် အမ်အိတ်ချ်-၃၇၀ လေကြောင်းခရီးစဉ်ခရီးသည်တင်လေယာဉ်တစ်စင်းမှ အပျက်အစီးအပိုင်းအစဟုယူဆရသော အကျိုးအပဲ့တစ်ခုကို အာဖရိက အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ယခုလအစောပိုင်းက ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် စစ်ဆေးစမ်းသပ်မှုပြုလုပ်နိုင်ရန် ဩစတြေးလျနိုင်ငံသို့ပေးပို့ခဲ့ရာ ယင်းအပျက်အစီးအပိုင်းအစရောက်ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက မတ် ၂၁ ရက်တွင် ပြောကြားကြသည်။

မလေးရှားလေကြောင်းမှ ခရီးသည်တင်လေယာဉ်ပျောက်ဆုံးသွားပြီးနောက် နှစ်နှစ်အကြာတွင် အဆိုပါအပျက်အစီးအပိုင်းအစကို ရှာဖွေတွေ့ရှိခဲ့သည်။

မိုဇမ်ဘစ်နိုင်ငံပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ယခုလအစောပိုင်းက အရှည်တစ်မီတာရှိ အဖြူရောင်သတ္တုထည်အပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် စစ်ဆေးအတည်ပြုနိုင်ရန် ဩစတြေးလျနိုင်ငံသို့ ပေးပို့ခြင်းဖြစ်သည်။

**ရိုက်တာ။**

## မြောက်ကိုရီးယားနိုင်ငံက မည်သည့်အချိန်တွင်မဆို ပဥ္စမအကြိမ်မြောက် နျူစမ်းသပ်မှုပြုလုပ်နိုင်ဟု တောင်ကိုရီးယား ပြောကြား

**ဆိုးလ် မတ် ၂၁**

ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်အချိန်တွင်မဆို နောက်ထပ်နျူကလီးယားစမ်းသပ်မှုပြုလုပ်နိုင်ကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက မတ် ၂၁ ရက်တွင် ပြောကြားသည်။

ပဥ္စမအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ယခုအချိန်ပင်ပြုလုပ်နိုင်ကြောင်း၊ အစိုးရက ဖြစ်နိုင်ဖွယ်ရာများအားလုံးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျောင်ဂျွန်ဟီးက ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံက စတုတ္ထမြောက်နျူကလီးယားစမ်းသပ်မှုကို ပြီးခဲ့သည့် ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့ပြီး ဟန်ဆောင်ထားသောဒုံးကျည်နည်းပညာစမ်းသပ်မှုတစ်ရပ်အဖြစ် ရှုတ်ချခံခဲ့ရသည့် တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုတစ်ရပ်ကို ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သောအားဖြင့် နျူကလီးယားလက်နက်ဖြင့် လက်ဦးမှုယူတိုက်ခိုက်မှုပြုလုပ်မည်ဟု ပြုံယမ်းကသတိပေးခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က နျူကလီးယားထိပ်ဖူးများနှင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများပြုလုပ်ရန် အမိန့်ပေးခဲ့သည်။ မတ် ၇ ရက်က စတင်ခဲ့သော Key Resolve စစ်ရေးလေ့ကျင့်မှုမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း Foal Eagle စစ်ရေးလေ့ကျင့်မှုမှာ ဧပြီ ၃၀ ရက်ထိ ကြာမြင့်မည်ဖြစ်သည်။

တောင်ကိုရီးယားစစ်ဘက်က နျူကလီးယားဖောက်ခွဲမှုများနှင့်ပတ်သက်၍ စိုးရိမ်မှုကိုဖော်ပြခဲ့သည်။ ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ချက်ချမှတ်သည့် မည်သည့်အချိန်တွင်မဆို နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန်အဆင်သင့်ဖြစ်မှုကို မြောက်ကိုရီးယားနိုင်ငံက ဆက်လက်ဆုပ်ကိုင်ခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်းဆန်ကျွန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ တောင်ကိုရီးယားစစ်ဘက်က တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထောက်လှမ်းရေးအာဏာပိုင်များနှင့်အတူ သက်ဆိုင်ရာအခြေအနေများကို အနီးကပ်စောင့်ကြည့်၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ။**



# မြန်မာလွှတ်တော်များ၏ အရည်အသွေးမြှင့်တင်မှုဆိုင်ရာသင်တန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၂၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗြိတိန်နိုင်ငံအခြေစိုက် Westminister Foundation For Democracy (WFD) မှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Devin O' Shaun ghneesy ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ် (၁) အစည်းအဝေးဧည့်ခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် Westminister Foundation For Democracy (WFD) ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှေးဦးစွာ ရှင်းလင်းပြောကြားပြီး WFD မှ မြန်မာလွှတ်တော်များ၏ အရည်အသွေးမြှင့်တင်မှုဆိုင်ရာသင်တန်းများနှင့်ပက်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ ပြည်သူ့လွှတ်တော် ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်ကျောင်းဟောင်းမြေနေရာနှင့် ပတ်သက်၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

၁။ လူမှုကွန်ရက်စာမျက်နှာများတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘီအိုစီကွေ့ရှိ ဧက ၁၃၀ ကျော် ကျယ်ဝန်းသည့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်ကျောင်းဟောင်းမြေနေရာအား မသမာသူလူတစ်စုက မိမိပိုင်ပစ္စည်းများသဖွယ် လွှတ်တော်တွင် ကန့်ကွက်နေသည့်ကြားမှ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက သားအဖအချင်းချင်း အရောင်းအဝယ်ဖြစ်သွားကြောင်းနှင့် မွေး/ကုရုံးချုပ်ဟောင်း၊ ဆေးဝါးစက်ရုံ၊ တိရစ္ဆာန်ဆေးကုခန်း၊ FAO ရုံးနှင့် Assay Lab စုစုပေါင်း ၁၀ ဧကမှလွဲ၍ ကျန်ဧက ၁၂၀ ကျော်အား အစိုးရအပြောင်းအလဲမလုပ်မီ အလျင်စလို ရောင်းချပြီးသွားကြောင်း သိရသည့်အတွက် သမိုင်းဝင်အမိတက္ကသိုလ်မြေနေရာ မဆုံးရှုံးစေရေး တိရစ္ဆာန်ဆေးကုဆရာဝန်ညီအစ်ကိုမောင်နှမများမှ ဝိုင်းဝန်းကန့်ကွက်သွားမည်ဖြစ်ပါသည်ဟု ပုဂ္ဂိုလ်ရေးတိုက်ခိုက်ရန် ရည်ရွယ်ပြီး မဟုတ်မမှန် ဖော်ပြလျက်ရှိပါသည်။

၂။ အဆိုပါမြေနေရာသည် စုစုပေါင်း ၁၃၄ ဒသမ ၇၃၈ ဧကကျယ်ဝန်းပြီး မြေအမျိုးအစားများအလိုက် ကျောင်းဌာနချုပ်၊ ဆေးဝါးစက်ရုံ၊ ဆေးခန်း၊ FAO ရုံး၊ Assay Lab၊ ရန်ကုန်တိုင်းမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၊ ဗက်တီးရီးယား ခွဲနာလျှာနာဌာန၊ ဗိုင်းရပ်စ်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ စတို စုစုပေါင်း ၃၂ ဒသမ ၃၂၁ ဧက၊ Art Center ၈ ဒသမ ၄၁ ဧကနှင့် ယခင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းခြံ၊ ဇီဝလုံခြုံနယ်မြေ၊ သုတေသနပြုလုပ်ရာနေရာ စုစုပေါင်း ၉၄ ဒသမ ၀၀၇ ဧက ဖြစ်ပါသည်။

၃။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် အဆောက်အအုံနှင့်ပရဝဏ် ၈ ဒသမ ၉၃ ဧကအား ၁၃-၂-၁၉၂၅ ရက်တွင် တိရစ္ဆာန်ဆေးကုအတတ်ပညာသင်ကျောင်းအဖြစ် စတင်သန္ဓေတည်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပျဉ်းမနား (ရေဆင်း)နယ်မြေသို့ ပြောင်းရွှေ့ဖွင့်လှစ်ရသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ရုံးချုပ်အဖြစ် ဆက်လက်ထားရှိခဲ့ပါသည်။ အဆိုပါအဆောက်အအုံအား ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံအဖြစ် မှတ်တမ်းဝင်နိုင်ရေး ယဉ်ကျေးမှုဝန်ကြီးဌာနသို့စိစစ်နိုင်ရန် ၂၀၁၆ ခုနှစ် မတ် ၉ ရက်တွင် ပေးပို့ထားခဲ့ပြီးလည်း ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ် အဆိုပါမြေနေရာတွင် နှစ်အဆက်ဆက် ကျူးကျော်ဝင်ရောက်နေထိုင်နေသူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျရှင်းလင်းဖယ်ရှားခဲ့ပြီး သမိုင်းဝင်ကျောင်းပရဝဏ်အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ အဆိုပါ မြေနေရာအားလုံး ကျူးကျော်သူများအန္တရာယ်မှ ကာကွယ်ရန်နှင့် တစ်ဦးတစ်ယောက်ပိုင်ဆိုင်မှုမဖြစ်စေရေး၊ သမိုင်းဝင်မြေနေရာအား မပျောက်ပျက်စေရန် လက်ရှိအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်း၍ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်းမရှိပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### ✻ ဖျာပုံမြို့မှ

ဖော်ပြပါ မူဝါဒလမ်းညွှန်ချက်၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသော ကြက်ဖမွေးဇောင်းကျွန်းပတ်တာသို့ရောက်၍ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခဲ့ရာတွင် "ဒီကျွန်းကို ကြက်ဖမွေးဇောင်းကျွန်းပတ်တာလို့ ခေါ်ပါတယ်။ ကျွန်းပတ်တာအလျား ၄၆ မိုင်ရှိပြီး ပျမ်းမျှတာထိပ်ဝအကျယ် ၁၂ ပေ၊ သတ်မှတ်အမြင့်ပေ (A.C.L) ၈ ဒသမ ၅ ပေရှိပြီး အကျိုးပြုဧရိယာ ၃၄၃၉၁ ဧကဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးခဲ့တဲ့ ကာလကတော့ ၁၉၈၆ ခုနှစ် ဖြစ်ပါတယ်။ ဘားလား၊ ဖလက်၊ ဝါးချောင်း၊ ရပ်ဖရုံ၊ ကဇောင်းမ၊ ဗလီရိုး၊ အောက္ကဘာ၊ အောက္ကဘာရေထိန်းတံခါး၊ စံပုလဲ၊ အဖောင် စတဲ့ ရေတံခါးတွေအသုံးပြုပြီး မိုးတွင်းအခါကျွန်းတွင်းပိုလျှံရေတွေကို ထုတ်ပေးပါတယ်။ ကွင်းရေကြီးပြီး မိုးအလွန်များတဲ့နှစ်တွေမှာ အချို့သောနေရာတွေ ရေကြီးနစ်မြုပ်မှုရှိခဲ့တဲ့အတွက် ယခုနှစ်များအတွင်း ကျုံတမာရေတံခါး(၄ ပေ × ၄ ပေ - ၄ ပေါက်)၊ တပ်မဲ့ရေတံခါး(၄ ပေ × ၄ ပေ -၂ ပေါက်)၊ လမုလေး ရေတံခါး(၄ ပေ × ၄ ပေ -၂ ပေါက်)နဲ့ ရိုးကောက်ရေတံခါး (၅ ပေ × ၅ ပေ - ၃ ပေါက်)ရေတံခါးတွေကိုလည်း ထပ်မံတည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒေသနေသူတွေအတွက် အကျိုးပြုမှာပါ။ ဒီနှစ်မှာတော့ ကွင်းရေနုတ်ရေတံခါးတွေဖြစ်တဲ့ ကျုံတမာ၊ ရိုးကောက်နဲ့ ရေသွင်းရေတံခါးတွေဖြစ်တဲ့ လမုလေးနဲ့ တပ်မဲ့ စတဲ့ ရေတံခါး လေးလုံးတည်ဆောက်ပေးခဲ့ပြီး ရေတံခါးဟောင်းတစ်လုံးဖြစ်တဲ့ စံပုလဲရေတံခါး (၈ ပေ × ၈ ပေ - ၆ ပေါက်) ရေတံခါးကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ ဒီကျွန်းပတ်တာအတွင်းမှာရှိတဲ့ စိုက်ဧကတွေအတွင်းကို ပြင်ပရေငန်ဝင်ရောက်မှုမရှိစေရေးနဲ့ မိုးရာသီရေကြီးနစ်မြုပ်မှုက ထိရောက်စွာ ကာကွယ်နိုင်ရေး၊ နောက်ပြီး ဒီကျွန်းပတ်တာကို အကြောင်းပြုပြီး ကျေးရွာချင်းဆက် လွယ်ကူစွာသွားလာနိုင်ရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။" ဟု ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ယခုကဲ့သို့ ရေချိုသွင်းရေတံခါးနှင့် ရေပိုထုတ် ရေတံခါးများကို နှစ်အလိုက် တည်ဆောက်ပေးခဲ့သဖြင့် နှစ်အတွင်း နွေစပါးစိုက်ပျိုးမှုပမာဏမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၆၇၂၈၇ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၇၁၀၂၂ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဧက ၃၇၃၉၀၀၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၇၉၇၆၇ ဧကထိ မြင့်မားလာခဲ့ပြီး အလားတူ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏမှာလည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၈၃၁၀၉၆ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၈၂၅၀၇၆ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၈၂၈၆၄၃ ဧကနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၈၂၈၄၇၇ ဧကအထိ အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

"အဘိုးတို့ရွာက မြစ်ဝကျွန်းပေါ် ရွာဆိုပေမယ့် အင်မတန် သမိုင်းကြီးတဲ့ရွာဗျ။ စံရာကသိုင်း မြန်မာတိုင်းဟု တလိုင်းသုံးရပ် မုတ္တမကျော်လျှင် မော်လမြိုင်ထားဝယ် တသွယ်ရေမြုပ် ကုလားထိပ်မော်တင် ပင်လယ်ကျောက်ဖြူ ဇမ္ဗူမတိမ် ပုသိမ်မြောင်းမြ ဒလမကျန် တစ်ဖန်ပဲခူး မြို့ရိုးမြို့တာ ဥက္ကလာနာဂရ စတဲ့ မွန်လူမျိုးတွေရဲ့ ရာမညတိုင်း ၃၂ မြို့မှာ အပါအဝင်ဖြစ်တဲ့ ဖျာပုံ (ဝါ) ထမင်းဈေးမြို့နယ်ထဲက အထင်ကရ ကျေးရွာကြီးတစ်ရွာပါ။ ခုဆို ရွာသက်တမ်းနှစ်ပေါင်း ၄၄၀ ကျော်ခဲ့ပါပြီ။ ရွာရဲ့မူလအမည်ကတော့ မွန်ဝေါဟာရအရ "ကျိုက်-ပါ-မွေ့-ဇော်" လို့ သိရပါတယ်။ ကျိုက်=ဘုရား၊ ပါ=နှစ်ဂဏန်း၊ မွေ့=တစ်ဂဏန်း၊ ဇော်=ပလ္လင် ဆက်စပ်အဓိပ္ပာယ်ကောက်ယူလိုက်တဲ့အခါ ဘုရားနှစ်ဆူ ပလ္လင်တစ်ခုလို့ အဓိပ္ပာယ်ရပါတယ်။ ဟိုးတုန်းထဲက ဘာသာ၊ သာသနာနဲ့တည်ရှိစည်ပင်လာခဲ့တဲ့ ရွာပေါ့ဗျာ။ ခုမှ ခေတ်ကာလရွေ့လျောပြီး ကြက်ဖမွေးဇောင်း ဖြစ်လာရတာပါ။ ခုလိုသမိုင်းကြီး၊ ယဉ်ကျေးမှုကြီးတဲ့ အဘိုးတို့ရွာ၊ အဘိုးတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့နဲ့ ဆန်ရေစပါး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆည်မြောင်းဦးစီးဌာနကလာပြီး ကျွန်းပတ်တာ တည်ဆောက်ပြုပြင်မှုတွေ၊ ရေတံခါးပြင်ဆင်မှုတွေ၊ ချောင်း၊ မြောင်းတူးဖော်မှုတွေနဲ့ လိုအပ်တဲ့ နေရာတွေမှာ ရေတံခါးအသစ်တွေ လာရောက်တည်ဆောက်ပေးတဲ့အတွက် ကျေးရွာမိသားစုကိုယ်စား အလွန်ကျေးဇူးတင်ပါတယ်။" ဟု ကြက်ဖမွေးဇောင်းကျေးရွာမှ သက်ကြီးအဘိုးတစ်ဦးက ပြောသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်းမှ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို နိုင်ငံတော်မှ အတတ်နိုင်ဆုံး တစ်ပြေးညီ ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ ကျေးလက်နေပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနေသည့်ကာလဖြစ်သည်။ ဆည်တမံများ၊ ကျွန်းပတ်တာများ၊ ရေငန်တားတာများ၊ ရေထိန်းတံခါးများ၊ ရေထုတ်ပြွန်များကို အကောင်အထည်ဖော် တည်ဆောက်ပေးနေခြင်းဖြစ်ရာ ရေရှည်တည်တံ့ခိုင်ခံ့အောင် ဆည်မြောင်းဦးစီးဌာနမှ ပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး ရရှိထားသည့် အခွင့်အလမ်းကောင်းဖြစ်သည့် ရေနှင့်မြေကို စနစ်တကျအသုံးချ၍ တောင်သူလယ်သမားများကိုယ်တိုင်က ကြီးပွားလိုစိတ် ပြင်းပြစွာဖြင့် သီးထပ်၊ သီးညှပ်များစိုက်ပျိုးကာ ကျေးလက်ဒေသဝင်ငွေစီးပွား တိုးတက်ရေးကို စွမ်းစွမ်းတမံ အားထုတ်ဆောင်ရွက်သွားကြခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသို့တိုင်အောင် ပိုမိုဦးတည်လာနိုင်လိမ့်မည်ဟု မေတ္တာရှေးရှု အကျိုးပြုရေးသားလိုက်ရပါသည်။ **(သပြေထွန်း)**

### ❖ အင်းလေးကန်မှ

ဒီနှစ်က အယ်နီညိုရာသီဖြစ်တော့ ၂၀၁၀ တုန်းကလို ရေခန်းခြောက်မယ့်အရေး တွေးပူနေသူများအတွက် လက်ရှိအင်းရေပြင်အနေအထားကြောင့် စိုးရိမ်စရာမရှိကြောင်း မြင်မိပါတယ်။ ဆက်ပြီး စက်လှေဟာ နမ့်ဟူးချောင်း၊ ရွာမချောင်း၊ အင်းတိန်ချောင်းတွေကို ဖြတ်သန်းသွားတော့လည်း ရေလမ်းကြောင်းကောင်းမွန်တာ တွေ့ရပါတယ်။ ကျွန်တော်တို့ စက်လှေဆရာကိုသားငယ်က "လူတွေက အင်းလေးရေခန်းတယ် ပြောနေကြတယ်။ တကယ်တော့ သာလေး-နမ့်ပန်၊ ရွာမချောင်း၊ ငါးဖယ်ချောင်း ရေလမ်းကြောင်းတွေ စက်လှေကောင်းကောင်းသွားလို့ရပါတယ်။ ဒီရာသီခရီးသွားများလို့ စက်လှေမောင်းသမားတွေ အဆင်ပြေကြပါတယ်"ဟု ပြောပြသည်။

စာရေးသူလည်း အင်းလေးဖောင်တော်ဦးဘုရားများအား ရွှေသက်န်းကပ်လှူပူဇော်ပြီး နမ့်ပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရားများအား ဖူးမြော်ကာ ငါးဖယ်ချောင်းကျောင်းမှတစ်ဆင့် ညောင်ရွှေကို ပြန်ခဲ့ပါကြောင်း၊ လမ်းတစ်လျှောက် စက်လှေရေလမ်းများ ကောင်းမွန်ပြီး ရေလည်းခန်းခြောက်မှုမရှိသေးကြောင်း၊ ဘုရားဖူးဧည့်သည်များလည်း အဆက်မပြတ်သွားလာရေး၊ စိုက်ပျိုးရေးအတွက် စိတ်ပူစရာအနေအထား မဖြစ်နိုင်သေးကြောင်း၊ အယ်နီညိုရာသီဖြစ်၍ ရေငွေ့လျှံမှုတော့များကြောင်း၊ သို့သော် အထောက်အကူပြု နဒီကန်၊ သာစည်ကန်တွေမှာလည်း ရေအပြည့်ရှိနေတာမို့ အများပြည်သူတွေ စိတ်အေးချမ်းသာစွာဖြင့် အင်းလေးကန်သို့ လာရောက်လည်ပတ်နိုင်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **နိုင်ထွန်း(TGI)**

# လှော်ကားရေပိုက်လိုင်းချို့ယွင်းမှုပြုပြင်နေစဉ် ဂျိုးဖြူ၊ ဖူးကြီးနှင့် ငမိုးရိပ်ရေလှောင်ကန်များမှ ရေပုံမှန်ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့တွင်းရှိ မြို့နယ်များသို့ လှော်ကားရေလှောင်ကန်မှ ရေပေးပို့သော ၆၆ လက်မ ပိုက်မကြီးသည် မတ် ၂၁ ရက် နံနက် ၂ နာရီခန့်က မရမ်းကုန်းမြို့နယ် နဝဒေးမှတ်တိုင်အနီး အုတ်ပုံဆိပ်လမ်း ဇေယျာသီရိဗိမာန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းဖြတ်သန်းသောရေပိုက်လိုင်းတွင် ရေဖိအားပြင်းအားဒဏ်ကြောင့် ကွန်ကရစ်ပိုက်လိုင်းချို့ယွင်းသွားပါသဖြင့် ပြည်သူများ အချိန်ကြာမြင့်စွာ ရေပြတ်လပ်မှုမရှိစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ၆၆ လက်မ လှော်ကားရေပို့ပိုက်လိုင်းချို့ယွင်းမှုကို မတ် ၂၃ ရက် ညနေ ၆နာရီတွင် ရေများပုံမှန်ပြန်လည်ပေးဝေနိုင်ရန်အတွက် လူအား၊ ငွေအား၊ စက်ယန္တရားအားများ အသုံးပြု၍ တာဝန်ရှိသူများက နေ့ည အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှော်ကားရေပိုက်လိုင်းချို့ယွင်းမှု ပြုပြင်နေစဉ်ကာလအတွင်း မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ လှိုင်၊ ကမာရွတ်မြို့နယ်တို့၏ နေရာအချို့တွင် ရေပြတ်တောက်ခြင်းနှင့် အချို့နေရာများတွင် ရေအားနည်းခြင်းများဖြစ်ပေါ်မည်ဖြစ်ကာ ဂျိုးဖြူ ဖူးကြီးနှင့် ငမိုးရိပ်ရေလှောင်ကန်များမှ ရေပေးဝေသည့်နေရာများတွင် ပုံမှန်အတိုင်း ရေပေးဝေလျက်ရှိပြီး ပိုက်လိုင်းပြုပြင်နေစဉ်ကာလအတွင်း ရေချွေတာသုံးစွဲနိုင်ကြပါရန် သက်ဆိုင်ရာမှ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုကွန်ရက်များမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**



ပြည်တွင်းရေးရာ

# ၂၀၁၆ ခုနှစ်၊ (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီတေးသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်း

**စစ်ချီတေးသီချင်း**

၁။ ပြည်ထောင်စုတပ်မတော်တို့အသင့်ရှိသည် — ပထမဆု
တပ်ကြပ်ကြီး ဖုန်းမြင့်။

၂။ နိုင်ငံသားကောင်းတပ်မတော်မာန်ဝင့်ချီ — ဒုတိယဆု
မိုးသူ(သုခမ)၊၁၉၁၊ သရဖီလမ်း၊
(၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။

၃။ ပြည်ထောင်စုကိုကာကွယ်မည့်တပ်မတော် — တတိယဆု
တပ်ကြပ်ကြီး စောစဲနေကနဲစော။

၄။ ပြည်သူအတွက်ဒို့တပ်မတော်ရှိသည် — နှစ်သိမ့်ဆု(၁)
ဝေလင်း(သုခမ)၊ ၁၂၃၀/က၊ ရွှေမင်းဝံလမ်း၊
အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

၅။ မြန်မာပြည်ထောင်စုရဲ့တပ်မတော် — နှစ်သိမ့်ဆု(၂)
တပ်ကြပ်ကြီး ဇော်မျိုးထွန်း။

**စစ်သည်တေးသီချင်း**

၁။ ကြည်းရေလေထု အားအင်ပြုမည် — ပထမဆု
အလက်ာမေ၊ မ-၅၈၊ ဘောဂလမ်း၊
ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

၂။ ကမ္ဘာတည်သရွေ့မြန်မာပြည်ရှေ့ကတပ်မတော် — ဒုတိယဆု
ဗိုလ်ကြီး ညဏ်ပိုင်စိုး။

၃။ တပ်မတော်သည်နိုင်ငံအတွက် — တတိယဆု
တပ်ကြပ်ကြီး ဖုန်းမြင့်။

၄။ အမျိုးဂုဏ်ဆောင်မည် မျိုးချစ်စစ်သည် — နှစ်သိမ့်ဆု(၁)
ငယ်သန့်(သုခမ)၊ ၁၂၃၀/က၊ ရွှေမင်းဝံလမ်း၊
အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

၅။ ငါတို့သွေးနဲ့သမိုင်းတည် — နှစ်သိမ့်ဆု(၂)
ဝေလင်း(သုခမ)၊ ၁၂၃၀/က၊ရွှေမင်းဝံလမ်း၊
အပိုင်(၄)၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့။

**ကဗျာတို**

၁။ ပြည်၏လက်ရုံးပြည့်ပခုံး — ပထမဆု
မောင်မောင်မိုးအောင်၊ အမှတ်(၁၀၄)၊ ၉-လမ်း၊
သဘော်ာကျင်းရပ်ကွက်၊ ဒေါပုံမြို့။

၂။ စွန့်လွှတ်မြင့်မြတ်၊ ပေးဆပ်ဝံ့စား၊ — ဒုတိယဆု
လေးစားပကတိ၊ သမိုင်းရှိသည့်တပ်မတော်
မင်းသစ်ဝင်း(ကျောက်တံခါး)၊ အမှတ်(၁၂၅)၊
အောင်သပြေလမ်း၊ ဈေးပိုင်းရပ်ကွက်၊
ကျောက်တံခါးမြို့။

၃။ ရွှေပြည့်ဂုဏ်ဒြပ် မြန်မာ့တပ်မတော် — တတိယဆု
ချမ်းမြဆောင်း(ကလော)၊ DOK ကုန်စုံဆိုင်၊
စာတိုက်ဟောင်းရှေ့၊ ကလောမြို့။

၄။ မြန်မာရွှေပြည်အရှည်တည်ရေး အလေးထား — နှစ်သိမ့်ဆု(၁)
မွေ့ပျော် တပ်မတော်
တပ်ကြပ် ကျော်ကျော်။

၅။ ပြည်သူချစ်သောတပ်မတော် — နှစ်သိမ့်ဆု(၂)
ချစ်ဆုပန်၊ မကျည်းပင်တန်းလမ်း၊
အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့။

**ကဗျာရှည်**

၁။ ရွှေနိုင်ငံ ရွှေကမ္ပည်းနှင့် ရွှေပန်းတိုင်ရွှေခရီး — ပထမဆု
မင်းသွေးနွယ်(ဇီးကုန်း)၊ အမှတ်(၁၇)၊
မြို့ပတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဇီးကုန်းမြို့။

၂။ စွမ်းရည်ပြည့်ဝနှလုံးလှ မြန်မာ့တပ်မတော် — ဒုတိယဆု
ဝင်းနွယ်(သစ်တော)၊ စိန်ပန်းပင်လမ်း၊
မြို့ဟောင်း(၂)ရပ်ကွက်၊ မကွေးမြို့။

၃။ တပ်မတော်မော်ကွန်း ဆော်ရွှမ်းမင်္ဂလာ — တတိယဆု
ဖော်ညွှန်းအလက်ာ
ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊
၂-ဗ(၇)၊ အရာထမ်းအိမ်ရာ၊ ဒက္ခိဏသီရိမြို့။

၄။ မြန်မာ့တပ်မတော် ခေတ်တိုင်းကျက်သရေဖြာ — နှစ်သိမ့်ဆု(၁)
မဟူရာစောလွင်(ပခုက္ကူ)၊
ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့။

၅။ ပြည်သူ့ရင်နှစ်ခေတ်မီမျိုးချစ်တပ်မတော် — နှစ်သိမ့်ဆု(၂)
ဗိုလ်မှူး တင်ထွန်းဦး(ငြိမ်း)၊
အမှတ်(၃၂)၊ ရှမ်းရွာလမ်း၊ ကိုးမိုင်၊
မရမ်းကုန်းမြို့နယ်။

**ဝတ္ထုတို**

၁။ အန္တိမသွေးတစ်စက် — ပထမဆု
ဗိုလ်မှူး ကျော်ရဲသိန်း။

၂။ ပေးဆပ်စွန့်လွှတ်ခြင်းများ၏နောက်တွင် — ဒုတိယဆု
ဗိုလ်မှူး မြင့်ဇော်လင်း။

၃။ နောက်ဆုံးထွက်သက်အထိ အသုံးတော်ခံနိုင်သည် — တတိယဆု
ကျော်ဖြိုးလွင်၊ အမှတ်(၈၀၇/က)၊ဇာနည်(၂)လမ်း၊
(၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။

၄။ မမေ့နိုင် — နှစ်သိမ့်ဆု(၁)
တပ်ကြပ်ကြီး/စာရေးဆရာ မောင်မောင်လွင်။

၅။ မွေခံထိုက်စေ — နှစ်သိမ့်ဆု(၂)
တပ်ကြပ် ဟန်စိုး။

**ဝတ္ထုရှည်**

၁။ သားစဉ်မြေးမြစ် ပြောထုံးဖြစ်စေ — ပထမဆု
ဗိုလ်ကြီး ဇော်ဝင်းဦး။

၂။ တိုင်းပြည်အတွက် နှင်းသက်ဆယ်ပြန် — ဒုတိယဆု
တက္ကသိုလ်မြမဥ္ဇူ၊ အမှတ်(၇၀/ခ)၊
လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။

၃။ ငါဟာစစ်သားတစ်ယောက်ဖြစ်တယ် — တတိယဆု
ဗိုလ်ကြီး ဝင်းထက်။

၄။ ခြေတစ်လှမ်း ပန်းတစ်ခင်း အလွမ်းပွင့်တို့ကြွေပါစေ — နှစ်သိမ့်ဆု(၁)
သင်မိုးနီ၊ ဦးအောင်ကျော်မိုး၊
စလူတောကျေးရွာ၊ ဒိုက်ဦးမြို့နယ်။

၅။ သုံးရောင်ခြယ်ကြယ်တစ်ပွင့် ထာဝရဝင့်ကြွားစေ — နှစ်သိမ့်ဆု(၂)
ထက်ဝေအောင်(စစ်ကိုင်း)၊
လယ်/ဆည်ဝန်ကြီးရုံး၊ နေပြည်တော်။

**ဆုပေးပွဲအခမ်းအနား ကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့)။ မှတ်ချက်။ ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့အား ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၅၊ ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၁**

HAN Golf Masters Pte., Ltd. နှင့် Junior Golf Myanmar တို့ ပူးပေါင်း၍ HAN Golf Masters Pte., Ltd. မှ အဓိကကူညီပံ့ပိုးသော HAN Golf Masters Junior Golf Championship (2016) ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၆ ရက်မှ ၂၇ ရက်ထိ Pun Hlaing Links (သန်လျင်)တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တမ်းများအနေဖြင့် အသက် ရှစ်နှစ်မှ (၁၂) နှစ်၊ အသက် (၁၃) နှစ်မှ (၁၅) နှစ်နှင့် အသက် (၁၆) နှစ်မှ(၁၈)နှစ်အထိ ပြိုင်ပွဲသုံးမျိုး ပိုင်းခြား၍ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်း ဥပဒေသအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၄၉၁၀၂၀၀၉ တို့သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

**(ဖိုးသော်ဇင်)**



## မြေစိုက်တဲဓာတ်ဆီဆိုင်အတွင်း ဓာတ်ဆီလှယ်ထည့်ရာက မီးလောင်မှုဖြစ်

**ပုသိမ် မတ် ၂၁**

ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ သလပ်ခွာကျေးရွာ၌ မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်တို့သည် သန္ဓေတပ်ဖွဲ့ဝင် ၄၀ နှင့် မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ ကွပ်ကဲရေးယာဉ်တစ်စီးတို့နှင့် အခင်းဖြစ်ရာသို့ သွားရောက်မီးငြိမ်းသတ်ရာ ဒေသခံအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ကျေးရွာပြည်သူများက ပူးပေါင်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ၁၂ ပေပတ်လည် ခနီမိုး၊ ခနီကာ မြေစိုက်ဓာတ်ဆီဆိုင်တစ်ဆိုင်နှင့် ဆိုင်ကယ်အဟောင်းနှစ်စီး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှု လုံးဝမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငွေဆောင်မြို့နယ်ခွဲ သလပ်ခွာကျေးရွာနေ ဦးသိန်းလွင် (၄၂)နှစ် ပိုင်ဆိုင်သော ၁၂ ပေပတ်လည် ခနီမိုး၊ ခနီကာမြေစိုက်တဲ စက်သုံးဆီအရောင်းဆိုင်တွင် ပလတ်စတစ်ဓာတ်ဆီပုံးထဲမှ ဂါလန်ခွက်ထဲသို့ ဓာတ်ဆီလှယ်ထည့်ရာက တည်ငြိမ်လျှပ်စစ်မီးကြောင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ဦးသိန်းလွင်အား သလပ်ခွာနယ်မြေရဲစခန်းမှ (ပ) ၂၉/၂၀၁၆၊ ပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၁**

အင်တာနက်လူမှုကွန်ရက်၏ Bo Bo Myo Thant ဖေ့စ်ဘွတ်စာမျက်နှာတွင် ယုဇနပလာဇာကားရပ်နားရာနေရာ၌ မွန်ပြည်သူ့စစ်အဖွဲ့မှ ဦးနိုင်ရာကျော်ဆိုသူနှင့် ဘိုဘိုမျိုးသန့်ဆိုသူတို့ ပြဿနာဖြစ်ပွားခဲ့မှုကို ဓာတ်ပုံများဖြင့် ဖော်ပြထားရှိရာ တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေသည့် ရေးသားဖော်ပြမှုများ၊ လုပ်ဆောင်မှုများ ပါဝင်နေကြောင်း တရားဝင်ဖွဲ့စည်းခွင့်ပြုထားသည့် ပြည်သူ့စစ်အဖွဲ့များ၏ဖွဲ့စည်းမှုတွင် အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်ဟူ၍သာရှိပြီး ရာထူး၊ အဆင့်များ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် လုပ်ဆောင်မှုများအတွက် သက်ဆိုင်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ သိရသည်။

**(မြဝတီ)**

## သတင်းမှားယွင်းဖော်ပြမှုအတွက် တာဝန်ရှိခြင်း

၂၀၁၆ ခုနှစ် မတ်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် The Ladies News Journal ၏ Facebook စာမျက်နှာ၌ "ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပေးထားသည့် ဥပဒေနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ် ဆန်းစစ်ရေးကော်မရှင်သည် ပြည်ထောင်စုအဆင့်နှင့် လျော်ညီခြင်းမရှိဟုဆိုကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ တပ်မတော်အစုအဖွဲ့က တိုင်ကြားကန့်ကွက်စာ ပေးပို့ထားကြောင်း ကော်မရှင်အဖွဲ့ဝင်တစ်ဦးက အတည်ပြုပြောသည်"ဟု သတင်းဖော်ပြထားရှိပါသည်။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံသို့ တိုင်ကြားကန့်ကွက်စာ ပေးပို့ထားခြင်းမရှိကြောင်းနှင့် သက်ဆိုင်ရာ သတင်းအေဂျင်စီ အနေဖြင့်လည်း သတင်းမှားယွင်းဖော်ပြမှုအတွက် တာဝန်ယူဖြေရှင်းသွားရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့**

# Project မှတစ်ဆင့်လှူဒါန်းသောပစ္စည်းများ လွှဲပြောင်းပေးအပ် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားမည်

**မန္တလေး မတ် ၂၁**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် KOICA Myanmar Office အစီအစဉ်ဖြင့် Project ပြီးမြောက်ခြင်းနှင့် Project မှတစ်ဆင့် လှူဒါန်းသော ပစ္စည်းများလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့် အောင်က အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းသို့ စက်ကိရိယာပစ္စည်းများ၊ အထောက်အကူ ပစ္စည်းများ၊ စက်ကိရိယာများကို ပံ့ပိုးပေးခဲ့သည့်အတွက် အဆင်ပြေ ချောမွေ့နေပြီဖြစ်ကြောင်း၊ ထို့ပြင် ဆေးကုသမှု စနစ်ကိုလည်း Computer Software Program အသုံးပြု၍ ကုသမှု မှတ်တမ်းထားသောစနစ်ကို ပြောင်းလဲထောက်ပံ့ ပေးခဲ့ခြင်း၊ Project နှစ်ခုဖြစ်သည့် Sport Medicine Book နှင့် First Aid Kids၊ Sport Medicine Book များ ထောက်ပံ့ပေးခြင်းတို့ကြောင့် နည်းပြများ၊ သင်တန်း သား သင်တန်းသူများအနေဖြင့် လက်တွေ့အကျိုးရှိအောင် အသုံးချနိုင်မည်ဖြစ်ပြီး First Aid Kids များကို အားကစားနည်းအလိုက် ထောက်ပံ့ပေးထားခြင်းဖြင့် ထိခိုက်ဒဏ်ရာရပါက အလျင်အမြန် ဆေးလိမ်း၊ ဆေးထည့်၍ ကုသမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ GYM ခန်းမအတွက် လိုအပ်သော စက်ပစ္စည်း၊ စက်ကိရိယာ ၃၀ နီးပါးကို KOICA မှ ထောက်ပံ့ပေးခဲ့သည့်အတွက် သင်တန်းသား သင်တန်းသူတို့အတွက် လုံလောက်မှုရှိသွားပြီဖြစ်၍ အဆိုပါစက်ပစ္စည်း အထောက်အကူပြုပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအားလုံး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ KOICA အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာ နမ်ဂေါင်ယောင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး KOICA Myanmar Office အစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ GYM Project စက်ပစ္စည်းများကို ကျောင်းအုပ်ကြီးသို့ လွှဲပြောင်း ပေးအပ်ရာ အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ် ခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ KOICA အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြ သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကမ္ဘာ့မိုးလေဝသနေ့ (၂၃.၃.၂၀၁၆)




"ရာသီဥတုဒဏ်လျော့ပါးဖို့..၊ အနာဂတ်အတွက်ပြင်ဆင်စို့..။"

## တီဘီရောဂါဝေဒနာရှင်များအား စောင့်ရှောက်ရေးသင်တန်းဖွင့်

**ချောင်းဆုံ မတ် ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ ပြည်သူလူထုအခြေပြု တီဘီ ရောဂါဝေဒနာရှင်များအား ပြုစု စောင့်ရှောက်ရေး ဆင့်ပွားသင်တန်း ကို မတ် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေး ခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် တီဘီရောဂါတိုက် ဖျက်ရေးဆိုင်ရာလုပ်ငန်းများ၊ လူနာ ရှာဖွေရေး၊ တီဘီရောဂါအကြောင်း အသိပညာပေးခြင်းများ၊ ရောဂါဝေဒနာ ရှင်များအား ပြုစုကုသနည်း စသည် တို့ကို မြို့နယ်ကျန်းမာရေးဌာနမှ ဆရာဝန် သုံးဦးတို့က ကျေးရွာအုပ်စု ၄၃ အုပ်စုမှ ကျေးရွာတာဝန်ခံစာရေး များအား နှစ်ရက်ကြာသင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မောင်းမကန်ပင်လယ်ကမ်းခြေသို့ ခရီးသွားလည်ပတ်မှုများပြားလာ ပင်လယ်စာရောင်းချသူများ လုပ်ငန်းအဆင်ပြေ

**ထားဝယ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် မောင်းမကန်ကမ်းခြေမှာ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလာ သည်နှင့်အမျှ ကမ်းခြေတွင် ပင်လယ်စာရောင်းချနေသော စားသောက်ဆိုင်များ အရောင်းအဝယ်ဖြစ်ကြကာလုပ်ငန်း များ အဆင်ပြေနေကြကြောင်း သိရသည်။

ခရီးသွားဧည့်သည်များမှာ မောင်းမကန်ကမ်းခြေမှ တစ်ဆင့် စက်လှေငယ်များဖြင့် ကျွန်းများကို သွားရောက် လေ့လာကြသည့်အပြင် အပျော်တမ်းငါးမျှား၍ ရရှိလာ သော ငါးများကို ကမ်းခြေရှိ ဈေးတွင် ပြန်ရောင်းချပြီး သစ်သီးဝလံများကို ပြန်လည်ဝယ်ယူကြကြောင်း သိရသည်။

လာရောက်လည်ပတ်ကြသည့် ဧည့်သည်များမှာ နှစ်ယောက်တွဲ သုံးယောက်တွဲဖြင့် ပြင်သစ်နှင့် ဂျာမနီနိုင်ငံ သားများ ပိုမိုများပြားကြောင်း မောင်းမကန်ကမ်းခြေရှိ အက်စို ပင်လယ်စာရောင်းချနေသူ ဦးအောင်ထွန်းက ပြောသည်။

အဆိုပါ မောင်းမကန်ကမ်းခြေသို့ လာရောက် လည်ပတ်သည့် ပြည်တွင်း ပြည်ပ ခရီးသွားအများစုမှာ ဥရောပနိုင်ငံသားများ ပိုမိုများပြားလာလျက်ရှိပြီး ပွင့်လင်း ရာသီ အားလပ်ရက်တွင် ပြည်တွင်း ပြည်ပမှခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## စာကြည့်တိုက်ဝန်ဆောင်မှုအလုပ်ရုံဆွေးနွေး

**ပဲခူး မတ် ၂၁**

ပဲခူးခရိုင် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ဝန်ဆောင်မှုအလုပ်ရုံ ဆွေးနွေး ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက ခရိုင်ရုံး ပြည်သူ့စာကြည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ နိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်း အောင်က ဦးဆောင်ဆွေးနွေးပြီး တက်ရောက် လာသူ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက် ကော်မတီဝင်များက ဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အလားတူ အဆိုပါအလုပ်ရုံဆွေးနွေး ပွဲများကို သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့ တွင် တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အထွေထွေ အတွင်းရေးမှူး ဒေါ်မြဦး၊ အလုပ်မှုဆောင် ဒေါ်မျိုး၊ အဖွဲ့ဝင် ဦးရဲဝင်းတို့က ဦးဆောင် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကာလမှာ နှစ်ရက် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းလာ

**ပဲခူး မတ် ၂၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန နှင့် စိုးရတနာလင်းကုမ္ပဏီတို့မှ မြို့ရှောင်ကတ္တရာလမ်းသစ် ၁၁ မိုင် ၃ ဖာလုံအား ဖွင့်လှစ်ခဲ့ရာ ပဲခူးမြို့တွင်း ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးခြင်းများ လျော့နည်းသွားကြောင်း သိရသည်။

အဝေးပြေးကုန်တင်ယာဉ်ကြီးများမှာ မြို့တွင်းသို့ကုန်တင်၊ ကုန်ချရှိမှသာ ဝင်ရောက်မှုရှိလာ ကြသည်။ ပဲခူးမြို့တွင်း ပြေး ခရီးသည်တင် ယာဉ်ငယ်၊ အဝေးပြေးဟိုင်းလတ်၊ မီနီဘတ်ယာဉ်များ သတ်မှတ်စည်းကမ်း အား လိုက်နာမှုရှိစေရန် ယာဉ်စည်းကမ်းထိန်းသိ မ်းရေးပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေး ခြင်းများကြောင့် မြို့တွင်း၌ ယခင်ထက် ယာဉ်အန္တရာယ်၊ ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုများ လျော့နည်းသွားသည်ဟု ယာဉ်လုပ် ငန်းများကြီးကြပ်ရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောသည်။

**(၅၈၇)**

## မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်ဈေးအဝင်လမ်း လမ်းပြို၊ ရေတိုက်စားနေ၍ ပြုပြင်ရန်လိုအပ်

**မော်လမြိုင်ကျွန်း မတ် ၂၁**

မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရှိ မြို့မ ၁၀ ရပ်ကွက် ဗိုလ်ချုပ်ဈေးမှာ မြို့မ ရပ်ကွက်များနှင့် နယ်မြေ(၅)အတွင်းရှိ ကျေးရွာများ၏ အားထားစရာ ဈေးတစ်ဈေး ဖြစ်ရာ နံနက်ပိုင်းအချိန်များတွင် ကျေးရွာနှင့် မြို့ပေါ်များမှ ဈေးရောင်း၊ ဈေးဝယ်များဖြင့် အထူးစည်ကားလှသည်။

ယင်းဗိုလ်ချုပ်လမ်းထိပ်မှ ဗိုလ်ချုပ်ဈေး သို့ ကူးသန်းသွားလာရာ ဈေးအဝင်လမ်းမှာ အနီးရှိ ရေစီးသန်သော အနောက်တုံးလဲ့ ချောင်း မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် လမ်းမြေများ ရေထဲသို့ ပြိုကျတိုက်စားခံရလျက် ရှိနေသည်။



အဆိုပါ ကမ်းပြိုရေတိုက်စားလျက်ရှိ သော ဗိုလ်ချုပ်ဈေးအဝင်လမ်းမှပင် ဈေး ရောင်း၊ ဈေးဝယ်များ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ဈေးအတွင်းသို့ ဖြတ် သန်းသွားလာလျက်ရှိရာ ရေပြည့်ချိန်များတွင် ပြည်သူများအတွက် အန္တရာယ်ရှိသဖြင့် အဆိုပါ ဗိုလ်ချုပ်ဈေးအဝင်လမ်းအား ပြုပြင်တည်ဆောက်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**(မော်ကျွန်းမြင့်အောင်)**

# ရန်ကုန်မှ ခရမ်းမြို့သို့သွားရာလမ်းခရီးတွင်တွေ့ရသော မြင်ကွင်းတချို့

**ခရမ်း မတ် ၂၁**

မိတ်ဆွေတစ်ဦး ဇာတိမြေပြန်ခိုက် ခရမ်းမြို့သို့ အလည်အပတ်လိုက်လာခဲ့သည်။ နေပူချိန်မြင့်လာသဖြင့် နံနက်စောစောထွက်ခဲ့သည်။ ကျွန်တော်တို့ စီးလာသောကားသည် သာကေတနှင့် သန်လျင်မြို့သို့ ဆက်သွယ်ထားသော သန်လျင်တံတားကြီးပေါ်မှဖြတ်သန်းကာ သန်လျင်မြို့အတွင်းသို့ ရောက်ရှိလာသည်။ သန်လျင်မြို့ ကျိုက်ခေါက်စေတီကိုကျော်လွန်ခဲ့ပြီး ဘုရားကုန်းသို့အရောက် ကားလမ်းပိတ်ဆို့မှုနှင့် ကြုံတွေ့ခဲ့ရသည်။



"ဒီနေရာက အခုစောစောပိုင်းမို့ တော်သေးတယ်။ ဒီထက်နောက်ကျရင် ဘယ်လိုမှသွားလို့ အဆင်မပြေဘူး။ ညနေပိုင်းဆို ဒီဘက်လမ်းကဖြတ်ပြန်ဖို့ မလွယ်ဘူး။ လိုင်းကားတွေ တစ်သီတစ်တန်းကြီး ကားလမ်းပေါ်မှာရပ်ထားပြီး ခရီးသည်တင်ဖို့စောင့်နေတယ်။ ယာဉ်မောင်းနဲ့ယာဉ်နောက်လိုက်ဆိုရင် ကားကိုရပ်ထားပြီး နှစ်ဦးသား စားသောက်ဆိုင်မှာ စားသောက်နေတယ်။ အချိန်နဲ့သွားရမယ့် ခရီးသည်တွေအတွက် စိတ်အနှောင့်အယှက် ဖြစ်ရတယ်"ဟု မြို့နေသူက ပြောသည်။

ဤသို့ တရွေ့ရွေ့ဖြင့် နာရီဝက်ကျော်ကြာပြီးနောက် ကား၊ ဆိုင်ကယ်၊ လမ်းသွားလမ်းလာများကို ရှောင်တိမ်းပြီး ဆက်လက်ထွက်ခွာလာရာ သုံးခွမြို့ဝင်လာသောအခါ ကားလမ်းမှာ ချိုင့်ခွက်များပြားလာကာ လမ်းကြမ်းလာသဖြင့် တဖြည်းဖြည်းထွက်ခွာလာရင်း စည်ကားလှသော သုံးခွမြို့ဈေးကြီးကို တွေ့မြင်ခဲ့ရသည်။

"ဒီဈေးဝန်းကျင်မှာလည်း ကားတွေ၊ ဆိုင်ကယ်တွေ၊ လမ်းသွားလမ်းလာတွေနဲ့ ရှုပ်ထွေးနေတာပဲ။ ဒါပေမယ့် ဈေးပတ်လည်လမ်းမှာ တစ်လမ်းမောင်းသာသွားရလို့ လမ်းပိတ်ဆို့တာ မတွေ့ရဘူး။ အားလုံးစည်းကမ်းရှိတာလည်းပါပါတယ်" ဟု တွေ့မြင်သမျှကို ၎င်းက ပြောသည်။

ဤသို့ဖြင့် ခရမ်းမြို့သို့ ဝင်ရောက်လာခဲ့ပြီး ကျောက်တိုင်လမ်းမှတစ်ဆင့် ဘုရားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ခရမ်းမြို့ စည်ပင်သာယာမြို့မဈေး (အရှေ့ဘက်တန်း)အရောက်တွင် ကားလမ်းပိတ်ဆို့မှု ထပ်မံတွေ့ကြုံခဲ့ရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ခရမ်းမြို့သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဆုံရာတွင် တည်ရှိပြီး ခရမ်းမြို့နယ်အတွင်း ပတ်ဝန်းကျင်ကျေးရွာ ၅၃ ရွာနှင့် မြို့ပေါ်ရပ်ကွက် ၁၃ ခုတို့ဖြင့် စည်ကားသော မြို့ဖြစ်သည်။

မြို့နယ်အတွင်း စပါး၊ ပဲ၊ ဖရဲ၊ ခရမ်းချဉ် အစရှိသော စိုက်ပျိုးရေးလုပ်ငန်းများ၊ ကြက်၊ ဝက်၊ ဘဲ၊ ငါး အစရှိသော မွေးမြူရေးလုပ်ငန်းများနှင့် အခြားကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့ဖြစ်သည်။

ခရမ်းမြို့ စည်ပင်သာယာမြို့မဈေးကြီးသည်လည်း ခရမ်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အခြားသောမြို့များမှ လာရောက်လည်ပတ်သူများ ရောင်းဝယ်ဖောက်ကားရာ အဓိကဈေးကြီးဖြစ်သည်နှင့်အညီ ယနေ့အချိန်အခါတွင် တိုးတက်များပြားလာသော လူဦးရေနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးလုပ်ငန်းများအရ ခရမ်းမြို့ မြို့မဈေးကြီးသည်လည်း ပိုမို၍စည်ကားလာခဲ့သည်။

"ခရမ်းမြို့မဈေးကတော့ ခရမ်းမြို့သူ မြို့သားတွေရဲ့ အဓိကအားထားရာ ဈေးကြီးတစ်ခုပဲ။ လမ်းအကျယ်က ပေ ၃၀ ရှိတယ်။ ကားလမ်းတစ်ဖက်တစ်ချက်မှာ လမ်းပခုံးသားမရှိလို့ ကားတွေ၊ ဆိုင်ကယ်တွေ လမ်းဘေးကပ်ရပ်မရလို့ ကားလမ်းပေါ် ရပ်ကြရတယ်။ ကုန်တင်ကားတွေက ကားလမ်းပေါ်ရပ်ပြီး ကုန်တင်၊ ကုန်ချပြုလုပ်တယ်။ ဈေးဝယ်လာတဲ့ဆိုင်ကယ်တွေလည်း ကားလမ်းပေါ်ရပ်ထားပြီး ဈေးဝယ်တယ်။ ဈေးဆိုင်တွေကလည်း ကုန်ပစ္စည်းတွေကို ဆိုင်ရှေ့မှာ စုပုံထားတယ်။ ဒါကြောင့် ယာဉ်နှစ်စီး ရှောင်တိမ်းလို့ရတဲ့လမ်းဟာ ယာဉ်တစ်စီးတောင်သွားလာဖို့ ခက်လာတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

"မြို့ရဲ့အဓိကလမ်းမကြီးတွေဖြစ်တဲ့ ဘုရားလမ်း၊ စနေလမ်း၊ ဗုဒ္ဓဟူးလမ်းအစရှိတဲ့ လမ်းမကြီးတွေနဲ့ ဆက်စပ်လျက်ရှိတဲ့မြို့မဈေး အရှေ့ဘက်အပြင်တန်း၊ တောင်ဘက်အပြင်တန်းတို့မှာ ကုန်တင်ကားကြီးတွေရပ်တန့်ပြီး ကုန်တင်၊ ကုန်ချတာကို နေ့ရော ညပါ ပြုလုပ်နေတာတွေ၊ စည်းကမ်းနဲ့မညီညွတ်ဘဲ ဈေးရောင်းနေတာတွေ၊ သတ်မှတ်နေရာမဟုတ်တဲ့ နေရာမှာ စက်ဘီး၊ ဆိုင်ကယ်အပ်စခန်းဖွင့်ပြီး အခကြေးငွေကောက်ခံနေတာတွေ ကြောင့် လမ်းတွေပိတ်ဆို့၊ သွားလာရေးခက်ခဲတာ အတော်ကြာနေပါပြီ"ဟု ဈေးဝယ်လာသူတစ်ဦးက ပြောသည်။

အဆိုပါ နေရာများသည် ရဟန်းသံဃာများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသွား ဈေးလာများ၊ ဈေးသူ ဈေးသားများ အစဉ်သဖြင့် သွားလာအသုံးပြုနေသော လမ်းများဖြစ်သည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သွားလာရေးလွယ်ကူစေရေး ဆောင်ရွက်ပေးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

**(သတိုးနွယ်)**

# မြန်မာ့အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီးအား စင်ကာပူနိုင်ငံရှိ Grand Park City Hall ဟိုတယ်၌ ကျင်းပမည်

**ရန်ကုန် မတ် ၂၁**

ဒုတိယအကြိမ် ကျင်းပမည့် "မြန်မာ့အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး"ကို စင်ကာပူနိုင်ငံရှိ မြန်မာနိုင်ငံသားအများအပြားဆုံဆည်းရာ နေရာဖြစ်သော မြန်မာရပ်ကွက် Peninsular Plaza အနီးရှိ Grand Park City Hall ဟိုတယ်၌ မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲကြီး၌ မြန်မာနိုင်ငံ၏ နံပါတ်တစ် အိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှား ဝက်ဘ်ဆိုက်ဖြစ်သော iMyanmar House.com မှ ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ "မြန်မာ့အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး" ကျင်းပခြင်းအားဖြင့် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား နှစ်သိန်းကျော်အနေဖြင့် ရန်ကုန်မြို့ထိ လာရောက်ဝယ်ယူစရာမလိုတော့ဘဲ စင်ကာပူနိုင်ငံ၌ပင် ဝယ်ယူနိုင်ကြမည်ဖြစ်ကာ အမိနေရပ်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခိုက် လုပ်ငန်းများ လုပ်ကိုင်နိုင်ကြမည်ဖြစ်သောကြောင့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက်စေမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အတွက်လည်း ပိုမိုအကျိုးရှိစေမည်ဖြစ်သည်။

ခင်းကျင်းပြသ ရောင်းချပေးသွားမည့်တိုက်ခန်းနှင့် အဆင့်မြင့်ကွန်ဒိုများ၏ဈေးနှုန်းများမှာ မြန်မာငွေကျပ် သိန်း ၅၀၀ မှ သိန်း ၃၀၀၀ ကျော်အထိရှိပြီး မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီ ၁၁ ခုမှ တိုက်ခန်းနှင့် အဆင့်မြင့်ကွန်ဒိုပေါင်း ၂၀၀၀ ကျော်ကို အထူးဈေးနှုန်းများ၊ အရစ်ကျစနစ်များဖြင့် ပါဝင်ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကာ CHD Ban (ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်)နှင့် ချိတ်ဆက်၍ ရောင်းချပေးမည်ဖြစ်သည်။

ပြပွဲကြီး၏ထူးခြားချက်မှာ ပြပွဲလာပရိသတ်အတွက် တိုက်ခန်းနှင့် အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများကို ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ရောင်းချပေးသွားမည်ဖြစ်သည်။ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်းနှင့် ပြပွဲအတွင်း အိမ်ခြံမြေဆိုင်ရာ ဗဟုသုတများကို တတ်ကျွမ်းနားလည်သော ဝါရင့်အိမ်ခြံမြေပညာရှင် ငါးဦးမှ ဟောပြော ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲ၌ လာရောက်လေ့လာဝယ်ယူသူများအတွက် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများအား ကံစမ်းမဲဖောက်ပေးသွားမည်ဟု သိရသည်။

iMyanmar House.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက "စင်ကာပူနိုင်ငံမှာ ပထမအကြိမ်သွားရောက်ခင်းကျင်း ပြသရောင်းချတုန်းကတော့ စင်ကာပူရောက်မြန်မာနိုင်ငံသားတွေကိုပဲ အရစ်ကျစနစ်နဲ့ ရောင်းချခဲ့ပါတယ်။ စင်ကာပူရောက်မြန်မာနိုင်ငံသားတွေအတွက် ခင်းကျင်းရောင်းချပေးတဲ့ အရစ်ကျစနစ်ကလည်း ပေါ်ပြူလာဖြစ်ခဲ့ပါတယ်။

"အခုဒုတိယအကြိမ် သွားရောက်ခင်းကျင်းပြသ ရောင်းချမှာကတော့ မြန်မာနိုင်ငံမှာလည်း ကွန်ဒိုမီနီယံဥပဒေအရ ဝယ်ယူခွင့်ပြုလိုက်ပြီဖြစ်တဲ့အတွက် စင်ကာပူနိုင်ငံမှာရောက်ရှိနေကြတဲ့ အခြားနိုင်ငံခြားသားတွေကိုပါ ရောင်းချပေးနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကွန်ဒိုမီနီယံဥပဒေလည်း ထွက်ပေါ်ခဲ့ပြီမို့ စောင့်ကြည့်နေတဲ့ လုပ်ငန်းရှင်တွေကလည်း မျှော်လင့်နေကြပါတယ်။ သူတို့တွေကလည်း သူတို့တွေဆီမှာရှိနေတဲ့ ကွန်ဒိုတိုက်ခန်းတွေကို နိုင်ငံခြားသားတွေကို ရောင်းချချင်နေတဲ့အချက်တွေ ရှိနေပါတယ်။ ဒီပြပွဲကြီးမှာ မြန်မာအပါအဝင် နိုင်ငံခြားသားများကိုပါ ရောင်းချပေးသွားမှာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် ဝင်ငွေပိုရအကျိုးရှိစေသလို ဆောက်လုပ်ရေး လုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိစေပါလိမ့်မယ်" ဟု ပြောသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက စင်ကာပူနိုင်ငံ၌ ပထမအကြိမ်ပြုလုပ်ခဲ့သည့် "မြန်မာ့အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီး"၌ တိုက်ခန်းနှင့် အဆင့်မြင့်ကွန်ဒိုများ ခင်းကျင်းပြသရောင်းချခဲ့မှုမှာ မြန်မာငွေကျပ် သိန်းပေါင်း ခုနစ်သောင်းကျော်ထိ ရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်းတွင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုဖွံ့ဖြိုးတိုးတက်လာသဖြင့် ဒုတိယအကြိမ်ပြုလုပ်မည့် "မြန်မာ့အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီး" ခင်းကျင်းပြသရောင်းချနိုင်မှုအား မြန်မာငွေကျပ် သိန်းပေါင်း ကိုးသောင်းကျော်မှ တစ်သိန်းကျော်အထိ ပိုမိုရောင်းချနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**စိုးဝင်း (MLA)**



စင်ကာပူနိုင်ငံ၌ ပထမအကြိမ်ပြုလုပ်ခဲ့သည့် "မြန်မာ့အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီး" အား တွေ့ရစဉ်။

# ဘီပိုးဖြစ်ပွားမှုနှုန်းများသောနေရာနှင့် မွေးစားခံရသောကလေးများ ဘီပိုးရှိ၊ မရှိစစ်ဆေးပြီး ကာကွယ်ဆေးထိုးထားသင့်

**မုံရွာ မတ် ၂၁**

အသည်းရောင်အသားဝါ ဘီပိုးဖြစ်ပွားမှုနှုန်းများသောနေရာနှင့် အတန်အသင့်နေရာသို့ ပြောင်းရွှေ့လာသူများနှင့် မွေးစားခံရသောကလေးများသည် ဘီပိုးရှိ၊ မရှိစစ်ဆေးပြီး ကာကွယ်ဆေးထိုးထားသင့်ကြောင်း အသည်းဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်ထံမှ သိရသည်။

"ကလေးတွေမှာ ပထမကလေးမှာ ဘီပိုးရှိနေရင် နောက်ထပ်မွေးမယ့်ကလေးတွေကို သေချာစစ်သင့်ပါတယ်။ ဘီပိုးဖြစ်ပွားမှုနှုန်းများတဲ့၊ ဒါမှမဟုတ် အတန်အသင့်နေရာကို ပြောင်းလာသူတွေနဲ့ မွေးစားခံရတဲ့ကလေးတွေကို သေသေချာချာစစ်သင့်ပါတယ်။ အသည်းရောင်အသားဝါဖြစ်နေတဲ့သူနဲ့ အတူနေတဲ့အိမ်သားတွေအပြင် အသည်းရောင်အသားဝါဖြစ်နေသူနဲ့ အကာအကွယ်မဲ့ လိင်ဆက်ဆံသူတွေ၊ ဆေးအမြဲထိုးနေရတဲ့သူတွေ၊ လိင်ဆက်ဆံဖက်များသူတွေ၊ ပြုပြင်ရေးစခန်းကလူတွေ၊ အသည်းရောင်အသားဝါစီပိုး၊ ဒါမှမဟုတ် HIV ပိုးကူးစက်ခံနေရသူတွေနဲ့ ကျောက်ကပ်ဆေးကြောကုသနေရသူတွေဟာ ဘီပိုးကာကွယ်ဆေးကို ထိုးထားသင့်ပါတယ်" ဟု ဒေါက်တာဒေါ်ခင်ပြုံးကြည်က ပြောသည်။

ဆေးမင်ကြောင်ထိုးခြင်း၊ အပ်စိုက်ကုသခြင်း၊ အလှအပအတွက် ခန္ဓာကိုယ်အရေပြားဖောက်ခြင်း၊ နားဖောက်ခြင်း၊ နှာခေါင်းဖောက်ခြင်းနှင့် ချက်ဖောက်ခြင်းစသည့် ဘီပိုးရှိသောဆေးထိုးအပ်၊ သွေးကြောသွင်းကိရိယာမှတစ်ဆင့် ဘီပိုးကူးစက်ခံရနိုင်သလို ပေါက်ပြဲနေသော အရေပြားမှတစ်ဆင့် ဘီပိုးရှိသူ၏သွေး(သို့မဟုတ်) ခန္ဓာကိုယ်မှထွက်သောအရည်တစ်မျိုးမျိုးဖြင့်ထိမိလျှင်လည်း ကူးစက်နိုင်သည်။ ဘီရောဂါပိုးရှိသော မိခင်မှတစ်ဆင့် သန္ဓေသား(သို့) ရင်သွေးငယ်သို့ ကူးစက်နိုင်သလို ဘီပိုးရှိသူနှင့် သွားတိုက်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်၊ ဘရိတ်ဓား၊ ဘီးတို့ကို အတူတကွသုံးစွဲပါက ကူးစက်ခံရနိုင်ပြီး ရောဂါပိုးရှိသူ၏ သွေးသွင်းမိပါကလည်း ကူးစက်နိုင်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ၏ သန်း ၃၀၀ ခန့်သည် ဘီပိုးသယ်ဆောင်နေသူများဖြစ်ကြသလို အရှေ့တောင်အာရှနိုင်ငံများတွင် လူ ၁၀ ဦးလျှင် တစ်ဦးနှုန်း ရောဂါကူးစက်ခံနေရကြောင်း သိရသည်။ ဘီပိုးကူးစက်ခံရ သူအများစုမှာ ချက်ချင်းအသည်းရောင်ရမ်းခြင်း လက္ခဏာပြပြီး မကြာမီရောဂါပျောက်ကင်းသွားတတ်ကြသည်။ လူ ၂၀ တွင် လူကြီးတစ်ဦးသာလျှင် ဘီရောဂါပိုးမှာ အသည်းကိုအခြေပြုပြီး ပိုမိုပွားများစေသလို အဆိုပါသူများကို ဘီပိုးသယ်ဆောင်သူများဟုခေါ်ကြောင်း သိရသည်။

ဘီပိုးကို တစ်သက်တာသယ်ဆောင်၍ အသည်းကိုထိခိုက်သွားသောကြောင့် ကြာရှည်စွာ အသည်းရောင်ရမ်းနေသော Chrpnic Hepatitis ဖြစ်သွားသူများလည်းရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သကြၤန်ကို ပျော်ပြေရင်းနဲ့ ဖြတ်သန်းဖြစ်တာများတယ်

## ကေကေမိုးမြင့် နှင့် တွေ့ဆုံခြင်း

"ပင်လယ်ထက်ကနေဝန်းနီ"ရုပ်ရှင်ကားကြီးနှင့် "ကြိုးကြာတောင်ပံခတ်သံ" ရုပ်ရှင်ကားကြီးတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး အနုပညာလမ်းကြောင်းကို မှန်မှန်လျှောက်လှမ်းနေတဲ့ သရုပ်ဆောင် ကေကေမိုးမြင့်နှင့် ဆက်သွယ်မေးမြန်းထားမှုများကို ဖော်ပြလိုက်ရပါသည်-

**လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်းပြောပါဦး-**

လတ်တလောမှာ ရိုက်ထားတဲ့ကားတွေ တည်းဖြတ်နေတာကိုသွားကြည့်တာ၊ သွားစစ်တာပဲရှိပါတယ်။ အသစ်ထပ်ရိုက်နေတာတော့ မရှိသေးဘူး။ ဟိုတစ်လောက အိမ်မဲမှာဇာတ်ကားနှစ်ကား ရိုက်ခဲ့တယ်။

**အိမ်မဲမှာ ရိုက်ခဲ့တဲ့ ဇာတ်ကားနှစ်ကားအကြောင်းပြောပြပေးပါဦး-**

အိမ်မဲ ရွာသစ်ကြီးကျေးရွာမှာရိုက်ခဲ့တာ။ ကျောင်းဆရာမလေးအနေနဲ့ ဇာတ်ကားတစ်ကား၊ အချစ်(ဒရမ်မာ) ဇာတ်ကား တစ်ကား။ မင်းသားက ကောင်းခန့်ကျော်နဲ့။ ကျောင်းဆရာမလေးအနေနဲ့ ရိုက်ခဲ့တာက "ရွာချစ်ငဘ" ဆိုတဲ့ဇာတ်ကား၊ နောက်တစ်ကားက "ရေစက်ချလို့ပြီးပါပြီ" ဆိုတဲ့ ဇာတ်ကားလေးပါ။ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကြီးကျေးရွာမှာ ရိုက်ခဲ့တာ။ အဲဒီက ပရိသတ်တွေက အားပေးတယ်။ သူတို့ဆီမှာရိုက်ခဲ့တဲ့ ဇာတ်ကားထွက်တော့မယ်ဆိုတော့ သူတို့က မျှော်လင့်နေကြတယ်။ မကြာခင်ထွက်တော့မှာပါ။

**အနုပညာဖြတ်သန်းမှုအကြောင်းပြောပြပါဦး-**

ကေကေ ၂၀၀၆ ခုနှစ် ရန်ကုန်တိုင်းကာယအလှမယ် ပထမဆုရခဲ့ပါတယ်။ ပြီးတော့ Studio-35 ရဲ့ ရုပ်ရှင်သရုပ်ဆောင်ရွေးချယ်ပွဲမှာ လူပေါင်းအယောက် တစ်ထောင်လောက်ကမှ အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁၄ ဦးထဲ ရွေးချယ်ခံရတယ်။ သရုပ်ဆောင် သင်တန်းတက်ခွင့်ရပြီးတော့ သရုပ်ဆောင်အဖြစ် "ပင်လယ်ထက်က နေဝန်းနီ" ဆိုတဲ့ ဇာတ်ကားကြီးမှာ ပါဝင်ခွင့်ရခဲ့တယ်။ အဲဒီကားကြီးက အကယ်ဒမီ ငါးဆုရခဲ့တယ်။ အဲဒီက နေစပြီး အနုပညာလောကထဲဝင်ဖြစ်ခဲ့တာပါ။

**ရိုက်ကူးခဲ့တဲ့ ဗီဒီယိုနဲ့ ရုပ်ရှင်ဇာတ်ကားကြီးပေါင်း ဘယ်လောက်ရှိပြီလဲ-**



ဗီဒီယိုဇာတ်ကားပေါင်း ၇၀ ရှိပြီး အဓိက ဇာတ်ဆောင်နေရာကနေ ပါဝင်သရုပ်ဆောင်တဲ့ ကားတွေလည်း အများကြီးရှိပါပြီ။ ရုပ်ရှင်ကားကြီးက ၂၀ ရှိပါပြီ။ အဓိကဇာတ်ပို့နေရာနဲ့ သူငယ်ချင်းခန်းတွေက သရုပ်ဆောင်ထားပါတယ်။ အဓိကဇာတ်ပို့နေရာက သရုပ်ဆောင်ခဲ့တာက "ပင်လယ်ထက်က နေဝန်းနီ" နဲ့ "ကြိုးကြာတောင်ပံခတ်သံ"တို့မှာပါ။

**အနုပညာသက်တမ်းတစ်လျှောက် အမှတ်တရဖြစ်စေမယ့်အကြောင်းအရာတွေ ကြုံခဲ့မှာပေါ့-**

ကေကေက ရွှေပုပ္ပါးဘဘဦးအုန်းခိုင်ရဲ့ အနုပညာသင်တန်းမှာ သင်တန်းမှူးအနေနဲ့ ပါဝင်ကူညီပေးခဲ့တယ်။ အဲဒီကနေ ဦးမောင်တို့က ကေကေကို ရွေးချယ်သွားပြီး "ကြိုးကြာတောင်ပံခတ်သံ" ဇာတ်ကားမှာ ပါဝင်ဖြစ်ခဲ့တယ်။"ပင်လယ်ထက်ကနေဝန်းနီ" ရုပ်ရှင်ကားက အရင်ရိုက်တယ်။ "ကြိုးကြာတောင်ပံခတ်သံ"ရုပ်ရှင်ကားက နောက်မှရိုက်ပြီး အရင်ရုံတင်ဖြစ်သွားတယ်။ အဲဒီကားက အကယ်ဒမီနှစ်ဆုရတယ်။ ချင်းတောင်တန်းမှာသွားရိုက်တာ။ ကေကေကအဲဒီကားမှာ ချင်းသူနာပြု ဆရာမလေးအဖြစ်နဲ့ သရုပ်ဆောင်တာ။ ချင်းသံဝဲဝဲလေးနဲ့ သရုပ်ဆောင်တယ်။ ကေကေအနေနဲ့ ဘာသာစကားကို အကောင်းဆုံးဖြစ်အောင် တိုင်းရင်းသားသံဖြစ်အောင် သရုပ်ဆောင်ရတယ်။ အဖြူနဲ့ အနီဝတ်တဲ့ သူနာပြုဆရာမလေးပေါ့။ ခရီးကြမ်းတွေ တောင်ပေါ်တောင်အောက် ဆင်းရတက်ရတဲ့ အတွေ့အကြုံတွေက အများကြီးပါပဲ။ ခရီးတစ်နေရာနဲ့ တစ်နေရာကဝေးတော့ ထမင်းလာပို့တဲ့အချိန် နောက်ကျရင် တစ်ဖွဲ့လုံးက စိုက်ထားတဲ့ အပင်လေးတွေ၊ ကန်စွန်းဥတို့ စိမ်းစားဥတို့ တူးစားကြတယ်။ ခက်ခက်ခဲခဲ ကြိုးစားကြတော့ အမှတ်တရနဲ့ ပျော်ရွှင်စရာလည်း ဖြစ်ခဲ့တယ်။ ပင်ပင်ပန်းပန်းနဲ့ ရိုက်ခဲ့တဲ့ ချင်းတောင်တန်းရဲ့ ပြကွက်တွေမှာ ကိုယ့်ရုပ်ပုံတွေပြန်တွေ့ရတော့ ပျော်တယ်။ ဂုဏ်ယူစရာလည်း ဖြစ်ခဲ့တယ်။

**ဒီနှစ်သကြၤန် ဘာအစီအစဉ်ရှိလဲ-**

တောင်ကြီးသကြၤန်နဲ့ ရန်ကုန်သကြၤန် တစ်နေရာရာမှာရှိပါမယ်။ သကြၤန်မှာတော့ ပျော်ပြေရင်းနဲ့ ဖြတ်သန်းဖြစ်တာများတယ်။

**ဂီတဘက်မှာရော ဝါသနာပါလား-**

ကေကေက အဆိုဘက်မှာလည်း ဝါသနာပါတယ်။ ကိုယ်ပိုင်တေးစီးရီး ထုတ်နိုင်အောင်လည်း ကြိုးစားချင်တယ်။ ကေကေဆိုဖူးတာက တေးရေး နှောင်နှောင်(Sunflower)ရေးတဲ့ သီချင်းလေးနဲ့ Group ခွေ ထုတ်ဖူးတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ ဒါရိုက်တာတင်သန်းဦးရေးပေးခဲ့တဲ့ သီချင်းသုံးပုဒ် ဆိုဖူးတယ်။ ဝမ်းသာစရာက မြဝတီရုပ်မြင်သံကြားမှာသွားရိုက်ထားတဲ့ တေးရေး ဝေလင်းထွန်း(ညမွှေးပန်း)ရေးထားတဲ့ "ဒီကမ္ဘာကြီးကလှနေဆဲပါ"ဆိုတဲ့ တိုင်းကျိုးပြည်ပြုသီချင်းလေးပေါ့။ အဲဒီသီချင်းလေးက ကေကေမိုးမြင့်ဆိုတဲ့အမည်နဲ့ မြန်မာ့အသံမှာ ခတ်ပြားရသွားပြီပေါ့နော်။

**အားပေးတဲ့ပရိသတ်တွေကို စကားလက်ဆောင်ပါးပေးပါဦး-**

ကေကေ့ကိုအားပေးတဲ့ မောင်လေး၊ ညီမလေးတွေ၊ ကေကေ့ကိုအဓိက ကလေးတွေက ချစ်ကြတယ်။ အားပေးကြတယ်။ ကေကေ့ကို လည်းအားပေးကြပါ။ ဗီဒီယိုကားတွေလည်း ထွက်ဖို့ရှိပါတယ်။ ကလေးတွေ စာမေးပွဲကြီးဖြေပြီးချိန်ဆိုတော့ လိမ်လိမ်မာမာနဲ့ ကျောင်းပိတ်ရက်မှာ မိဘကိုဝိုင်းကူပါ။ ဘဝရည်မှန်းချက် အထောက်အကူပြုမယ့် သင်တန်းတွေတက်ပါ။ ကြိုးစားထားတာတွေ အောင်မြင်ပြီး ဖြစ်ချင်တဲ့ဘဝရည်မှန်းချက် လမ်းမှန်ကို ရွေးချယ်လျှောက်လှမ်းနိုင်ပါစေလို့ မောင်လေး၊ ညီမလေးတွေကို ဆုတောင်းပေးချင်ပါတယ်။ သကြၤန်ပြီးရင်လည်း မြစ်ကြီးနားမှာ ရုပ်ရှင်ကားကြီးနဲ့ ဗီဒီယိုရိုက်ဖို့ရှိတယ်။ ကေကေက အနုပညာအလုပ်ကို လှေကားထစ်လို ဖြည်းဖြည်းမှန်မှန်နဲ့ တက်ခဲ့တဲ့သူဆိုတော့ အနုပညာအလုပ်ကို အရမ်းလောဘမကြီးဘူး။ ကိုယ်ဖြစ်ချင်တဲ့ အနုပညာပန်းတိုင်တစ်ခုကို ရောက်အောင်သွားမယ်။ လမ်းမှန်လျှောက်ပြီး ကြိုးစားနေတဲ့ အနုပညာရှင် တစ်ယောက်ပါလို့ ပရိသတ်တွေကို ပြောချင်ပါတယ်။

**(မင်းလှသား)**

## "Empire Awards 2016" မှာ "Star Wars: The Force Awakens" ရုပ်ရှင် ဆုအများဆုံးရရှိ

ဗြိတိန်နိုင်ငံမှပေးအပ်တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ "Empire Awards" ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ဆုပေးပွဲအခမ်းအနားကို မတ် ၂၀ ရက်က ကျင်းပခဲ့ရာမှာတော့ သိပ္ပံရုပ်ရှင်တစ်ခုဖြစ်တဲ့ "Star Wars: The Force Awakens" ရုပ်ရှင်က ဆုအများဆုံးရရှိခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ ယခုနှစ်အတွက်ဆုပေးပွဲမှာ ဆုပေါင်းကိုးဆုအတွက် လျာထားခြင်းခံခဲ့ရပါတယ်။ ဆုပေးပွဲညမှာတော့ ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဒေစီရစ်ဒ်လေနဲ့ မင်းသား ဂျွန်ဘိုရေဂါတို့ဟာ မျက်နှာသစ်သရုပ်ဆောင်ဆုတွေရရှိခဲ့ကာ အကောင်းဆုံးသိပ္ပံရုပ်ရှင်ဆုအပါအဝင် စုစုပေါင်း ဆုငါးဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့အတွက် ယခုနှစ်ရဲ့ ဆုအများဆုံး ရရှိခဲ့တဲ့ရုပ်ရှင်ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

အဆိုပါဆုပေးပွဲမှာ ဆုပေါင်းလေးဆုသိမ်းပိုက်နိုင်ခဲ့ပြီး ဒုတိယဆုအများဆုံး ရယူနိုင်ခဲ့တဲ့ရုပ်ရှင်ကတော့ "Mad Max: Fury Road" ပဲ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ အကောင်းဆုံး မိတ်ကပ်ဆု၊ အကောင်းဆုံး ဝတ်စုံဆု၊ အကောင်းဆုံးတေးဂီတဆုနဲ့ အကောင်းဆုံးထုတ်လုပ်မှုဒီဇိုင်းဆုစတဲ့ ဆုလေးဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အခြားသောရုပ်ရှင်ထူးချွန်ဆုပေးပွဲတွေမှာ ဆုတွေသိမ်းပိုက်ထားနိုင်ခဲ့တဲ့ မင်းသားလီယိုနာဒိုဒီကာပရီယိုခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "The Revenant" ကတော့ ယခုဆုပေးပွဲကြီးမှာ အကောင်းဆုံးရုပ်ရှင်ဆုကို ချီးမြှင့်ခံခဲ့ရပါတယ်။

"Empire Awards" ဆုပေးပွဲကို နှစ်စဉ်ကျင်းပပေးခဲ့ရာ လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက်ဆုပေးပွဲကြီးဟာ (၂၁)ကြိမ်မြောက်ဆုပေးပွဲဖြစ်ကြောင်း သိရပါတယ်။

**(ခင်ခင်သက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၃ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့်<br>-မိုးလေဝသအစီအစဉ်<br>-တေးဂီတအစီအစဉ် |
| ၆း၃၀ | ပြည်သူ့နီတိ "ပွဲညွှန့်" |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၀၀ | ကိုရီးယားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၆) |
| ၇း၅၀ | ကိုရီးယားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၆) |
| ၈း၃၀ | ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XVI)" |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ထူးခြားဖွယ်ရာ အင်ဒိုနီးရှားခရီးစဉ် |
| ၉း၄၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ထက်ကောင်းကင်ရဲ့နှင်းသက်ဝတ်မှုန်" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ် |
| ၅း၄၀ | "အတ္တိတ္တိရသေ့၏ ဆုတောင်း" တရားတော်(ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရဘိဝံသ) (ဒုတိယပိုင်း) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉) |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ပုဂံရွှေဟောင်းယဉ်ကျေးမှု နယ်မြေမှ လောကနန္ဒာ စွယ်တော်မြတ်စေတီ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၈) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | သွားမယ် စားမယ် (Breeze Bar) |
| ၁၁း၅၀ | Forever Music Tribute ထူးအိမ်သင် (အပိုင်း-၄) |
| ၁၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၄၅) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၉) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၀) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၄၆) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၉) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၉) |

### မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၉း၀၀ | တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | သာယာဉီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၆) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၅) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၃)<br>-မြဝတီရုပ်မြင်သံကြားသတင်း<br>-နိုင်ငံတကာသတင်း<br>-မိုးလေဝသသတင်း<br>-VOA အင်္ဂလိပ်စာသင်ခန်းစာ<br>-ဟာသရုပ်စုံ<br>-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်<br>-(၇၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်<br>-ရဲဘော်ဆက်လုပ်<br>[မိုးဒီ၊ မောစ့်၊ ရဲဘော်စိုးအောင်၊ ဝင်းမင်းသန်းနှင့်သရုပ်ဆောင်များ ဒါရိုက်တာ-တင်သန်းဦး] |

### mitv

| | |
|---|---|
| 07:25 | Insight Myanmar "Role of MNHRC" (Episode-II) |
| 07:43 | The Caves |
| 08:25 | Myanmar HR Conference 2015 (Part- III) |
| 08:35 | Atuladhipati Mahamunisacca Koe Htat Kyee Pagoda |
| 08:54 | Traditional Snacks |
| 09:26 | Culture Show: Abdication of King Thibaw |
| 09:42 | Today Myanmar "Community based Tourism Development" |
| 09:50 | Talented Musicians |
| 10:26 | Styles of Mro and Thet |
| 10:32 | The Man and The Elephant (Part-1) |
| 10:47 | The Man and The Elephant (Part-2) |
| 07:26 | A Day Out With Sarah (EP-6) |
| 08:26 | Discovering Tribes "Bwe" |
| 08:52 | Chef Life: Cho Wut Yee |



# လက်ရှိချန်ပီယံ ပီအက်စ်ဂျီ အိမ်ကွင်း၌ ပထမဆုံးရှုံးပွဲကြုံ

ပြင်သစ်ပထမတန်း လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်းသည် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည့် မိုနာကိုအသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အိမ်ကွင်း၌ ပထမဆုံးရှုံးပွဲကြုံခဲ့ရပြီဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ၂၀၁၄ ခုနှစ် မေလကတည်းက အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်ထားသည့်အသင်းလည်းဖြစ်သည်။

ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် လေးနှစ်ဆက်တိုက်ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ခဲ့သည့် ပီအက်စ်ဂျီအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် လိဂ်ပွဲစဉ်နှစ်ပွဲရှုံးနိမ့်မှုလည်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းနှင့် မိုနာကိုအသင်းတို့၏ ပွဲစဉ်တွင် မိုနာကိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဆူဇာနှင့် တာဗာရက်စ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး တာဗာရက်စ်၏ သွင်းဂိုးသည် ပင်နယ်တီသွင်းဂိုးဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် လိဂ်ပွဲစဉ် ၃၁ ပွဲကစားအပြီးတွင် ရမှတ် ၇၇ မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ မိုနာကိုအသင်းမှာမူ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ရမှတ် ၅၅ မှတ်အထိ ရရှိလာခဲ့ပြီး ပီအက်စ်ဂျီအသင်းနှင့် ၂၂ မှတ်အကွာတွင် ရှိနေသည်။ မိုနာကိုအသင်းသည် အမှတ်ပေးဇယားတတိယနေရာမှ နိုက်စ်အသင်းကို ငါးမှတ်ဖြတ်ထားနိုင်ခဲ့ခြင်းကြောင့် လာမယ့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက်လည်း သေချာသလောက် နီးပါးရှိနေခဲ့ပြီဖြစ်သည်။

ပြင်သစ်ပထမတန်းပြိုင်ပွဲမှ ထိပ်ဆုံးသုံးသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းမှာ ချန်ပီယံလိဂ်အုပ်စုအဆင့်ကို တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်သည်။

**(ငွေကြယ်)**

## ဂျိုးဟတ်နှင့် စတာလင်း အင်္ဂလန်၏ ချစ်ကြည်ရေးပွဲစဉ်များ လွဲချော်မည်

မန်စီးတီးဂိုးသမား ဂျိုးဟတ်နှင့် တိုက်စစ်မှူး စတာလင်းတို့သည် မတ် ၂၀ ရက်ညပိုင်းက မန်စီးတီးအသင်း၏ အိမ်ကွင်းအီးတီးဟက်ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ မန်ချက်စတာဒါဘီပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဂျာမနီအသင်း၊ နယ်သာလန်အသင်း စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားဂျိုးဟတ်နှင့် တိုက်စစ်မှူး စတာလင်းတို့သည် ဒဏ်ရာပြဿနာများကြောင့် တစ်လကြာအနားယူရမည်ဖြစ်ပြီး မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင်လည်း ပါဝင်လာရန်မသေချာသေးကြောင်း သိရသည်။

တိုက်စစ်မှူး စတာလင်းသည် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဂိုးသမားဂျိုးဟတ်မှာမူ ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဧပြီ ၆ ရက်တွင် ပီအက်စ်ဂျီအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ကိုမူ ဧပြီ ၁၂ ရက်တွင် အိမ်ကွင်းအီးတီးဟက်ဒ်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်း၌ ဂိုးသမားဂျိုးဟတ်နှင့် တိုက်စစ်မှူး စတာလင်းတို့ ဒဏ်ရာပြဿနာကြောင့် တစ်လကြာအနားယူရမည်ဖြစ်ခြင်းကြောင့် မန်စီးတီးအသင်းအတွက် ရလဒ်ပိုင်းဆိုးရွားမှုကို တိုးလာစေလိမ့်မည်ဟုလည်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

မန်စီးတီးအသင်းသည် မန်ယူအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့အထက် တစ်မှတ်အကွာတွင် ရပ်တည်လျက်ရှိသည်။ မန်ယူအသင်းနှင့် ပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုးကို လူငယ်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းမှာ လက်ရှိတွင် အမှတ်ပေးဇယားထိပ်က လက်စတာစီးတီးအသင်းနှင့် ၁၅ မှတ်အကွာတွင် ရပ်တည်လျက်ရှိသည်။

**(ငွေကြယ်)**

# မန်ချက်စတာ ဒါဘီတွင် အနိုင်ကစားပြီးနောက် မန်ယူအသင်း ထိပ်တန်းလေးသင်း ဝင်ရောက်နိုင်မည်ဟု ဗန်ဟားလ်ယုံကြည်မှုအပြည့်ရှိ





မန်ယူအသင်းသည် မန်စီးတီးအသင်းအား အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ်ထိပ်တန်းလေးသင်းစာရင်းဝင်ရန် ယုံကြည်မှုပိုမိုရှိလာခဲ့ပြီဖြစ်ကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က ဖွင့်ဟပြောကြားလိုက်သည်။ မန်ယူအသင်းသည် မန်စီးတီးအသင်းအား အီးတီးဟက်ဒ်ကွင်းတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်း အနိုင်ယူနိုင်ခဲ့ခြင်းမရှိသော်လည်း မတ် ၂၀ ရက်က ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်၌ လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် လက်ရှိတွင် အမှတ်ပေးဇယားအဆင့်(၆)နေရာတွင် ဆက်လက်ရပ်တည်နေသော်လည်း စတုတ္ထနေရာရှိ မြို့ခံပြိုင်ဘက် မန်စီးတီးနှင့် ရမှတ်တစ်မှတ်သာ ကွာဟတော့သည်။

ဗန်ဟားလ်က “ကျွန်တော်တို့အသင်းရှုံးရင် ဒါမှမဟုတ် သရေသာကစားနိုင်ရင် အမှတ်ကွာဟချက်ကြီးမားသွားမှာပါ။ ဒါပေမယ့် အခက်အခဲကြားထဲကပဲ အကောင်းဆုံးရလဒ်တစ်ခုကို ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။ နောက်ပွဲစဉ်တွေက အဝေးကွင်းမှာ ကစားရမယ့်ပွဲထက် အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ကစားရတဲ့ပွဲက ပိုများပါတယ်။ အိုးထရက်ဖို့ဒ်မှာကစားရင် ရှုံးပွဲနည်းပါတယ်။ ဒါကြောင့် ရာသီသိမ်းရင် ထိပ်ဆုံးလေးနေရာ ဝင်နိုင်မယ်လို့ ယုံကြည်မှုအပြည့်ရှိပါတယ်” ဟု ပွဲအပြီးတွင် ပြောကြားလိုက်သည်။ မန်ယူကွင်းလယ်လူ ကားရစ်ကမူ မန်စီးတီးအား အနိုင်ရရှိခြင်းက ရမှတ်သုံးမှတ်ထက် ပိုမိုသာလွန်သည့် အဓိပ္ပာယ်ကို ဆောင်ကြောင်း Sky Sports နှင့် အင်တာဗျူးပြုလုပ်စဉ် ပြောကြားလိုက်သည်။

မန်ယူအသင်းသည် လွန်ခဲ့သည့် သုံးရက်ကပင် အစဉ်အလာအကြီးဆုံးပြိုင်ဘက် လီဗာပူးအား နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အီးတီးဟက်ဒ်ကွင်း၌ မန်စီးတီးအသင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

**(မေလဲ့သင်း)**

## ဟာဇက်နှင့် ရီးယဲလ်မက်ဒရစ်တို့ကြား သဘောတူညီမှုရရှိ

ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးကြယ်ပွင့် အေဒင်ဟာဇက်အားခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း အေအက်စ်သတင်းစာမှ ဖော်ပြခဲ့သည်။ ဇီဒန်းမှာ ရီးယဲလ်မက်ဒရစ် အားကစားဒါရိုက်တာအဖြစ် ဆောင်ရွက်နေဆဲကာလဖြစ်သည့် ၂၀၁၀ ပြည့်နှစ်ကတည်းက ဟာဇက်အားခေါ်ယူရန် ဆန္ဒရှိခဲ့ပြီး ရီးယဲလ်အသင်း၏ ယခုနှစ်နွေဈေးကွက် အဓိကပစ်မှတ်မှာ ဟာဇက်ဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြသည်။ ဟာဇက်အား ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ( ပေါင် ၇၇ ဒသမ ၈ သန်း)ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းကုန်ကျမှုကို ပြန်လည်ကာမိစေရန် ဂျိမ်းစ်ရိုဒရီဂွက်ဇ်(သို့မဟုတ်) အစ္စကိုတို့နှစ်ဦးထဲမှ တစ်ဦးကို ရီးယဲလ်မှ ပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ဟာဇက်၏ စာချုပ်မှာ ငါးနှစ်သက်တမ်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အထိဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။ ထို့ပြင် ဇီဒန်းက လာမည့်နွေတွင် အသင်း၏အရောင်းစာရင်းတွင် ထည့်သွင်းခံထားရသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကိုလည်း ရောင်းချခြင်းမပြုရန် ဥက္ကဋ္ဌ ပီရက်ဇ်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

**(မေလဲ့သင်း)**

## ဘိုင်ယန်မြူးနစ်တွင်သာ ကာလကြာရှည်ကစားသွားရန် ဆန္ဒရှိနေသည့် ကိုးမန်း

ဘိုင်ယန်တောင်ပံတိုက်စစ်မှူး ကိုးမန်းက ဘိုင်ယန်မြူးနစ်တွင်သာ ပျော်ရွှင်လျက်ရှိနေပြီး ကာလကြာရှည် ဆက်လက်ကစားသွားရန် ဆန္ဒရှိနေကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ကိုးမန်းသည် ပြီးခဲ့သည့်နွေဈေးကွက်တွင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်မှ ဘိုင်ယန်မြူးနစ်သို့ ယူရိုခုနစ်သန်းတန် နှစ်နှစ်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ အသက်(၁၉)နှစ်သာရှိသေးသော ကိုးမန်းအနေဖြင့် ဘိုင်ယန်တွင်သာ ဆက်ရှိနေရန် ဆန္ဒရှိနေသလို ဘိုင်ယန်ဘက်မှလည်း အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန် ၂၀၁၇ခုနှစ် ဧပြီ ၃၀ ရက်တွင် ယူရို ၂၁ သန်း ထပ်မံပေးချေ၍ ကိုးမန်းအား အပြီးသတ်စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ကိုးမန်းသည် လက်ရှိတွင် ဘိုင်ယန်မြူးနစ်၏ အဓိက ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြနေပြီး မတ် ၁၇ ရက်က ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်၌ မိခင်ကလပ် ဂျူဗင်တပ်ဘက်သို့ အသည်းခွဲဂိုး သွင်းယူခဲ့သူဖြစ်သည်။

**(မေလဲ့သင်း)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄–၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ ဝင်ငွေခွန်အများဆုံး(၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)


**ရွှေထိပ်တန်း** စားတည်းငြိမ်းခရီးစဉ်များ
- ရွှေစက်တော်၊ တျွန်းတံ၊ နှမ်းမျက် ကျောင်းတော်ရာ၊ မကွေးမြသလွန်
- အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းဆန်း၊ ရွှေတော်ကကူ
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်၊ လောင်းလုံးကျွန်း
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ မေဂူ၊ မြည်ထိမ်ဖြည်
ချောင်းသာ ၁နှ၂ည
ငွေဆောင် ၁နှ၂ည
01-701015, 09-5403844, 09-5044830

**တိုးဘော်နိုင် CAR RENTAL**
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD ကားသစ်ကြီးများဖြင့် ဝန်ဆောင်ပေးပါသည်။
★ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09 253582510, 09 5158803

**Golden Land** (Ph: 09-799541265, 09-263202240)
- ပုလဲကွန်ဒိုရှိနိုင်ငံခြားသားနေထိုင်ရန်ကောင်းသော အခန်း(၃)ခန်းပါ (1870 Sqft ရှိသော တိုက်ခန်းရောင်းရန်ရှိသည်။
- ရွှေပြည်သာရှိ (3000 Sqft/5000 Sqft) ဂိုဒေါင်ငှားလိုသည်။
- မလိခကွန်ဒိုရှိ တိုက်ခန်းများ အမြန်ငှားလိုသည်။
- ပိုင်ရှင်များ တိုက်ရိုက်ဆက်သွယ်ပါရန်။

**စေတနာရှင်** – (Apr 11,12,17)
- ရွှေစက်တော်(ပုဂံ–ညောင်ဦး ပုပ္ပါး)/(စစ်ကိုင်း မုံရွာ အလောင်းတော်ကဿပ)(၅)ရက်
- မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း မုံရွာ(၅)ရက် • တောင်ကြီး အင်းလေး ပင်းတယ (၅)ရက်
- ရွှေစက်တော်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ (၈)ရက်။ • တောင်ကြီး လွိုင်ကော် (၆)ရက်
- ရွှေစက်တော်၊ ပုဂံ–ပုပ္ပါး(တောင်ကြီး အင်းလေး)/(မန္တလေး ပြင်ဦးလွင် မုံရွာ)(၈)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး တောင်ကြီး အင်းလေး+ မန္တလေး ပြင်ဦးလွင်၊ မုံရွာ(၁၁)ရက်
- ထားဝယ်–ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ် (၅)ရက်။ ဆက်၍– မြိတ် (၇)ရက်။
- လားရှိုး မူဆယ်၊ ချွေလီ၊ ပြင်ဦးလွင်၊ မန္တလေး(၇)ရက်။
Ph: 01-392704, 09 73017110, 09 795066657, 09 785066657


## ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းမြင့်သည် နိုင်ငံတော်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုကဏ္ဍတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သောကြောင့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်မှ ချီးမြှင့်သောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ကမ်းနားလမ်းအမျိုးသမီးလမ်းလျှောက်အဖွဲ့**
**ဦးတင်ညွှန့်-ဒေါ်လှကြင် [အမှတ်(၇၅)၊ အောက်လမ်းမကြီး]**


**သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း (၆၉) ကြိမ်မြောက် တရားစခန်းဖွင့်မည်။**

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလဓနုဖြူတိုက်သစ်ကျောင်း၌ ဝိပဿနာ(၇) ရက် တရားစခန်းကို(၁၁–၄–၁၆) မှ (၁၇–၄–၁၆) နေ့ထိ သစ္စာဒီပက ဆရာကြီးဦးကြည် ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက် ၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသန ( သာသနဓဇဓမ္မာစရိယ ) ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စာရင်းပေးသွင်းထားသော ယောဂီများ (၁၀–၄–၁၆)ညနေ(၅)နာရီအရောက်ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့ 09-73008262, 09-250199851, 01-563141


**POST** ဝင်ခွင့်သင်တန်းများ
**PPTT** (မူလတန်းပြ)
**PGDMA** (အဆယ်တန်းပြ)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ (၁၃) အမှတ် (၂) ထုတ်ဝေ



ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ (၁၃) အမှတ် (၂)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်းလိုက်နာ စောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၏ "Indo-Myanmar Relations"၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်ကြည်၏ "အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲရေး ဘယ်လိုဖြစ်ပေါ်လာနိုင်သလဲ"၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး(မြို့တော်ဝန်) ဦးလှမြင့်၏ နိုင်ငံ့ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့မှုများကို ဖော်ညွှန်းထားသည့် "အမှတ်တရပုံရိပ်ကဏ္ဍ"၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၏ "UNION CIVIL SERVICE BOARD, ITS ROLE AND CHALLENGES"၊ ဦးဟန်ညွန့်(ဥပဒေ)၏ "အိုင်စီအက်စ်၊ ဘီစီအက်စ် အိပ်မက်ပုံရိပ်" ဆောင်းပါးများ ပါဝင်သည်။

ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့် "စွမ်းအားရယ်သန် ဖွဲမာန်နဲ့မဲရုံမျှ"နှင့် "ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း"၊ "ဆင့်ပွားကောင်းကျိုးကို ရရှိစေသည့် ဆက်သွယ်ရေးကဏ္ဍ" ဆောင်းပါးများလည်း ဖော်ပြပါရှိပါသည်။

ထို့အပြင် ဝန်ထမ်းရေးရာကိစ္စရပ်များ ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ စီမံ ခန့်ခွဲမှုဆိုင်ရာဆောင်းပါးများနှင့် အခြားသုတ၊ ရသပေးစွမ်းနိုင်သည့်ဆောင်းပါးများပါဝင်ပြီး စုစုပေါင်းစာမျက်နှာ (၁၇၃) မျက်နှာပါရှိသည်။

**ဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇)၊ မြို့မဈေးတွင် ရွှေမင်းသားစာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်း စာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် (၂၅၀၀) ကျပ်ဖြင့် ဝယ်ယူနိုင်သည်။**

## မတ်လထုတ် သုတပဒေသာစာစောင်




အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(မတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ စာပေဗိမာန် က ဖြန့်ချိလိုက်ပြီဖြစ်သည်။

မတ်လထုတ် သုတပဒေသာစာစောင်တွင် ဆရာသန့်လွင်ထွန်း၊ သန်းစော(စီပီအေ)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့၏ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများ၊ K.M.A၊ အေးဖြူ ဟိန်းလတ်၊ မောင်ပေါ်ထွန်း၊ ကြည်မင်းတို့၏ တိုင်းရင်းသားရေးရာနှင့် အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဦးထွန်းရီ၊ သောင်းထိုက်ဦး (သယံဇာတကျွန်းကြီး)၊ T Nay Yar တို့၏ နိုင်ငံတကာရေးရာနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါးများ၊ တင်ညွန့်၊ တက္ကသိုလ်မိုးမြင့်၊ မြသိန်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ အောင်ချိန်ဘွား၊ ဒေါက်တာ မြင့်သန်း(သန္တေသား)၊ ဒေါက်တာလှဖေတို့၏ ပညာရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကိုကိုအောင် (အလုပ်သမား)၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်တို့၏ မူးယစ်ဆေးဝါးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စိန်ဝင်းမော်၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ မောင်ကျေးဇူး၊ စည်သူလှိုင်၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)တို့၏ ကဗျာ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

**အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်း ဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်း ဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း- ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူ လိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်သည်။**

## လိုရင်းတိုရှင်း အင်္ဂလိပ်-မြန်မာ အဘိဓာန်ထုတ်ဝေ



အသစ်အသစ်ပေါ်လာသည့် သတင်းမီဒီယာနှင့် လူမှုနယ်ပယ်မှ ဝေါဟာရအသစ်များကို အချိန်နှင့်တစ်ပြေးညီ စုစည်းပြုစုထားပြီး လုံးချင်း ဝေါဟာရများအပြင် တွဲဖက်တွေ့ရ၊ ကြားရသည့် စကားလုံးတွဲများကိုပါ ဖွင့်ဆိုပေးထားသဖြင့် အမြဲဆောင်ထားသင့်သည့် အိတ်ဆောင် အဘိဓာန်ဖြစ်စေရမည်ဟု ပြုစုသူ ဆရာ ဦးမောင်မောင်အေး (MMA) က ညွှန်းဆိုထားသည်။

**ယင်းစာအုပ်ကို မိတ်ကောင်းဖော်မွန်စာပေ အမှတ်(၆၁) (၄၄) လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၉၁၆၂၁၆၈၁၊ ၇၃၀၅၂၄၉၀ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

## မဟာရန်ကုန်ကောက်ကြောင်း




တင်နိုင်တိုးရေးသားသော မဟာရန်ကုန် ကောက်ကြောင်း စာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်သည် စာရေးသူ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့သော လက်ကျန် စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက မဟာရန်ကုန်အကြောင်း၊ ရှေးဟောင်းဓာတ်ပုံများ၊ ၂၀၁၅ ခုနှစ်အတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံမှတ်တမ်းများ စသည့်တို့ပါဝင်သည်။

ဤစာအုပ်သည် ယခုခေတ် ရန်ကုန်အကြောင်းမဟုတ်ပါ။ နှစ်ပေါင်းများစွာက တည်ရှိခဲ့သော မဟာရန်ကုန်မြို့ရဲ့ လွမ်းမောဖွယ်ရာ အကြောင်းအရာများကို စာရေးသူက လက်လှမ်းမီသလောက် ပြုစုရှာဖွေထားသည်။ စာမျက်နှာပေါင်း ၅၀၀ နီးပါး၊ ရောင်စုံဓာတ်ပုံများ၊ စက္ကူအကောင်းစားဖြင့် ထုတ်ဝေထားသဖြင့် စာကြည့်တိုက်တိုင်း၊ သုတေသီတိုင်း သိမ်းဆည်းထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇)၊ ပထမ(ဝဲ)၊ ၃၉-လမ်း ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ကျပ် ၆၀၀၀ ဖြင့်ဖြန့်ချိထားပါသည်။**


## သမိုင်းဝင်သောည



မျက်မှောက်မြန်မာ့နိုင်ငံရေး အခင်းအကျင်းအပေါ် တို့ထိသရော်ထားသည့်စာအုပ်သစ်ဖြစ်သည်။ ဗြိတိသျှ ကိုကိုမောင်၏ "သမိုင်းဝင်သောည" သရော်စာပေါင်းချုပ်စာအုပ်တွင် လက်ရှိမြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို အချက်ကျကျ ထိထိမိမိရေးဖွဲ့ သရော်ထားသည့် သရော်စာ ဆောင်းပါး ၂၈ ပုဒ်ပါဝင်သည်။ အွန်လိုင်းနှင့် Voice သတင်းဂျာနယ်တွင် စာဖတ်ပရိသတ် အခိုင်အမာရှိပြီး အဆင့်အတန်းရှိသော နိုင်ငံရေး သရော်စာများဖြစ်သည်။

**စာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၆ မှ တန်ဖိုး ကျပ်၂၀၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။**

## စပ်ကူး မပ်ကူး ကာတွန်းများ



ပုဂ္ဂလိက သတင်းဂျာနယ်များ တစ်ခေတ် ဆန်းသစ်လာချိန်တွင် မျက်မှောက်လူမှုဘဝနှင့် နိုင်ငံရေး အခင်းအကျင်းတို့ထိသရော်ရေးဖွဲ့ထားသည့် ကာတွန်းလက်ရာများကို ပြည်သူများက တစ်ခဲနက်လက်ခံအားပေးဖတ်ရှုလာကြသည်။ အဆိုပါ ကာတွန်း လက်ရာရှင်များထဲတွင် ကာတွန်းဖောင်းဖောင်းလည်း ပါဝင်သည်။ လူငယ်ကာတွန်းဆရာတစ်ဦးဖြစ်သည့် ဖောင်းဖောင်း၏ ကာတွန်းများသည် အတွေးရှင်းလင်းပြတ်သားသည်။ ခေတ်စနစ်ကို ထိထိမိမိ ဖော်ကျူးနိုင်ပြီး ပြည်သူများ၏ ခံစားမှုဘဝပုံရိပ်များကိုလည်း ထင်ဟပ်နိုင်ကြောင်း တွေ့ရ သည်။ ကာတွန်းစာအုပ်တွင် ခေတ်စနစ်၏ လူမှုဘဝရယ်စရာ မောစရာဖြစ်ရပ်များကို ပွင့်လင်းစွာ ဝေဖန် သရော်ထားသော ကာတွန်းလက်ရာများကို ဖတ်ရှုခံစားရမည်ဖြစ်သည်။

**စာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်း ထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄ မှ တန်ဖိုးကျပ် ၁၈၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။**

## လူတိုင်းအတွက် ဘဝတစ်သက်တာ ကျန်းမာရေး



ပေါက်ပေါက် ရေးသားသော လူတိုင်းအတွက် ဘဝတစ်သက်တာ ကျန်းမာရေး စာအုပ်ထွက်ရှိလာသည်။ အိမ်တိုင်း၊ လူတိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းလေး တစ်အုပ်ဖြစ်ပါသည်။

ယောကျ်ား၊ မိန်းမ မရွေး၊ အသက်အရွယ်မရွေး ဖြစ်တတ်သည့် ရောဂါဝေဒနာများအကြောင်းပါဝင်ပါသည်။ လူမှုကွန်ရက်စာမျက်နှာတွင် စာဖတ်ပရိသတ်များက သိလိုသော မေးခွန်းများကို ကျန်းမာသုတရစေလိုသော ရည်ရွယ်ချက်ဖြင့် စီစဉ်ထုတ်ဝေပေးထားသည်။

ကိုယ်အလေးချိန်လျှော့ချနည်း၊ ဆီးချိုရှိနေတာ သွေးလှူလို့ရပါသလား၊ မိန်းကလေးတွေ တစ်ပတ်ကို ခေါင်းဘယ် နှစ်ကြိမ်လျှော်သလဲ၊ ကြွက်နို့ပျောက်ဆေး၊ အမျိုးသားရောဂါအကြောင်း၊ အမျိုးသမီးရောဂါအကြောင်း၊ ခါးနာပျောက်ဆေး အစရှိသော အကြောင်းအရာပေါင်း မြောက်များစွာ ပါဝင်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ အမှတ်( ၂၃၇)၊ ပထမ(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားပါသည်။**

# Happy Birthday စုံစုံ

ဘိုးဘိုးကြီး မုံရွာဆရာမိုးရဲ့ တတိယမြောက်မြေးရတနာလေး မောင်မိုးပြည့်စုံဟိန်း(ခ)စုံစုံ (BRAIN CHAMPS-Aplomb)ရဲ့ ၂၂-၃-၂၀၁၆ရက်တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့မင်္ဂလာမှနောင်နှစ်ပေါင်း(၁၂၀)ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ကိုကို၊ မမတို့နဲ့အတူ တိုင်းပြည်အကျိုး၊ ဘာသာ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းသော ဆန္ဒများပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဘိုးဘိုး - မုံရွာဆရာမိုး**
**ဘဘမြင့်**
**ဖေဖေ - ဗိုလ်မှူးကျော်ကိုကိုရှိန်း၊ မေမေ-ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မမ - ဂျူးဂျူးခင် [နဝမတန်း အထက(၁)မြောက်ဥက္ကလာပမြို့နယ်]**
**ကိုကိုကြီး - ကျော်ကိုကိုဆက်နိုင် (Primary-Preparatory)**
**ကိုကိုလေး - သုဝေယံရှိန်း(BRAIN Leaders -Breezy)**
**မေသက်၊ ဘဘ၊ မေသူဇာ၊ မေကြီး၊ ဖေကြီး၊ မေမော်၊ ဖေသော်၊ လေးပိုဆု၊ မေသင်း၊**

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစု**

**အမည်ပြောင်း** အိမ်အမှတ်(၄၆၅)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မရမ်းကုန်းမြို့နယ်နေ အဖဦးမြင့်စိန်၏သားဖြစ်သူ မောင်သိမ်ခကျော်အား မောင်သိခ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ပျောက်ဆုံးကြောင်း** ကျွန်တော် နိုင်ထွန်း CDC 148966 ၏ COC, COP များ၊ CDC(SIRB), PP M 677653 နှင့် သင်္ဘောသားစာရွက်စာတမ်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၆၇၀၆၁၀၉**







## TRADEMARK CAUTION

NOTICE is hereby given that **FUJITEC CO., LTD.**, a company incorporated in Japan and having its principal office at 591-1 Miyata-cho, Hikone-shi, Shiga, Japan is the owner and sole proprietor of the following trademark:-

**EZSHUTTLE**

**(Reg: No. IV/15777/2015)**

in respect of :-

Class 07: "Elevators; escalators; dumbwaiter elevators; moving walkways; conveyer belts; elevator destination entry device used for entering passenger floor designation; drive systems for elevators, escalators, dumbwaiter elevators, moving walkways and conveyer belts; control systems for elevators, escalators, dumbwaiter elevators, moving walkways and conveyer belts; starters for motors and engines; motors, electric, other than for land vehicles; motors, other than for land vehicles; machines and machine tools; motors and engines (except for land vehicles); machine coupling and transmission components (except for land vehicles); agricultural implements other than hand-operated; incubators for eggs; automatic vending machines."

Class 09: "Measuring machines and instruments; testing machines and instruments, not for medical purposes; power distribution or control machines and apparatus; diagnostic apparatus, not for medical purposes; telecommunication machines and apparatus; computers and peripheral devices; computer programs, recorded; electronic controllers to manage power, movement and function of a group of elevators; computers for controlling elevators; computer programs for controlling elevators; computer programs for managing and controlling registered elevator destinations; electronic controllers to manage power, movement and function of elevators, escalators and moving walkways; scientific, nautical, surveying, photographic, cinematographic, optical, weighing, measuring, signalling, checking (supervision), life-saving and teaching apparatus and instruments; apparatus and instruments for conducting, switching, transforming, accumulating, regulating or controlling electricity; apparatus for recording, transmission or reproduction of sound or images; magnetic data carriers, recording discs; compact discs, DVDs and other digital recording media; mechanisms for coin-operated apparatus; cash registers, calculating machines, data processing equipment, computers; computer software; fire-extinguishing apparatus; card readers for use in computer system for registering elevator designation floor".

Any fraudulent imitation or unauthorized use of the said trademarks or other infringements whatsoever will be dealt with according to law.

U KYI WIN ASSOCIATES
for **FUJITEC CO., LTD.**
BY ITS ATTORNEY
ACTIP IP LIMITED
P.O. Box No. 26, Yangon.
Phone: 01-372416
Dated: 22nd March 2016

ကြော်ငြာ

## ဓမ္မရဝေတောရ
## သင်္ကြန်(၇)ရက် တရားစခန်း ဖွင့်မည်

**ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် –အင်းမ)** ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ အောင်စည်းခုံ စေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သဃ်န်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ညွှန်ကြား ပြသခဲ့သော နည်းစနစ်အတိုင်း...

**၂၀၁၆ –ဧပြီလ(၁၁)ရက် တနင်္လာနေ့မှ ဧပြီလ(၁၇)ရက် တနင်္ဂနွေနေ့ထိ**

သင်္ကြန်(၇)ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။

ဒေါ်မြသိန်း – ၀၉ – ၇၃၁၆၁၄၄၈
ကိုအောင်သိန်း ၀၉ – ၇၃၁၀၃၆၃၃
မပပ – ၀၉ – ၇၃၀၃၈၂၈၉၊ ကိုဖြူဖွေး – ၀၉ – ၄၂၀၀၆၂၄၂၆

မှတ်ချက်။ ၂၀၁၆-ဧပြီလ(၁)ရက်နေ့၊ နံနက်(၈း၀၀)နာရီမှသာ စာရင်း စတင်လက်ခံပါမည်။

## အသိပေးကြေညာချက်

ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V.22 သင်္ဘောသည် ၂၃-၃-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING DRIVE V.17 သင်္ဘောသည် ၂၃-၃-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## မုံရွာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA) သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့(MPA)သင်တန်းများကို ၂၀၁၆ခုနှစ်၊ ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာဝယ်ယူ တင်သွင်းနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) MBA သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှု အဆင့်အလိုက် လုပ်ကိုင်နေသူများနှင့် MPA သင်တန်းအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

၂။ MBA သင်တန်း၊ MPA သင်တန်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBA သင်တန်းအတွက် ၂၅-၄-၂၀၁၆ ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၆-၅-၂၀၁၆ရက်နေ့ နောက်ဆုံထား၍ လျှောက်လွှာတင်သွင်းရန်ဖြစ်ပါသည်။ MPA သင်တန်းအတွက် ၂၅-၄-၂၀၁၆ရက်မှ စတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၈-၅-၂၀၁၆ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။

၃။ MBA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၈-၅-၂၀၁၆ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၆-၅-၂၀၁၆ရက်တို့တွင်လည်းကောင်း၊ MPA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀-၅-၂၀၁၆ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၇-၅-၂၀၁၆ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၁-၂၃၆၅၈၊ ၂၄၇၃၅၊ ၂၂၆၇၂ (လိုင်းခွဲ-၁၀၃-၁၀၄)**
**စီမံခန့်ခွဲမှုပညာဌာန(MBA) ဖုန်း-၀၇၁-၂၃၆၆၃**
**ဘောဂဗေဒဌာန(MPA) ဖုန်း-၀၇၁-၂၄၇၃၇**

**စုစုထွန်း**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အ. ထ. က နတ်စင်ကုန်း၊ ကော့မှူးမြို့နယ်မှ အဘ ဒေါက်တာ ထာလင်း၏ သမီးဖြစ်သူ မဆုအိထာ သည် ၂၀၁၅ -၂၀၁၆ ပညာသင်နှစ် ဒသမတန်း၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံရပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းမြတ်**
**နှင့်တကွ ဆရာ၊ ဆရာမများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆ အယ်လ်၊ မြေကွက်အမှတ်-၁၁၇အီး/၂ဘီ၊ ၁၁၇အေ/၁၊ မြေကွက်တည်နေရာအမှတ်-၁၂/က၊ ကုက္ကိုင်းလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်တင်တင်ရီ [၁၃/ဥရန(နိုင်)၀၁၁၁၈၃]၊ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်တင်တင်ရီ ကိုယ်တိုင်မှ ယင်းမြေ၏ အမည်ပေါက်စာချုပ်ဖြစ်သော အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ်(၅၃၄/၈-၃-၁၉၉၉) မိတ္တူမှန်တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယမင်းသူ** ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊မြို့ပြင်၊လချုပ်ငှားရန် ကားမျိုးစုံ ရှိပါသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။ 095174914, 095136421

## ဦးမောင်မောင်ဦးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးမင်းရောင်စိုး(ဘ)ဦးစိုးရှိန် [၁၂/အစန(နိုင်)၂၁၄၄၃၄] မြေပိုင်ရှင် ဦးစိုးရှိန်၏ အထွေထွေကိုယ်စားလှယ်စာရရှိထားသူက Ls-1609 လိုင်စင်ရရှိထားသူ ဦးမောင်မောင်ဦးအား ရွှေပြည်သာမြို့နယ်၊ (၃၀/၉၅)၊ (၂)ရပ်ကွက်၊ ဒေါင်းမင်းလမ်းရှိ ပေ(၆၀×၆၀)၊ မြေကွက်ပေါ်တွင် (၂)ထပ်၊ RCတိုက်ဆောက်လုပ်ရန် စာချုပ်ထားရှိသော်လည်း ဦးမောင်မောင်ဦးသည် အဆိုပါလုပ်ငန်းကို လွန်ခဲ့သော (၇)လခန့်မှစ၍ လုံးဝဆောင်ရွက်ခြင်း မရှိတော့သဖြင့် ၎င်းနှင့် ချုပ်ဆိုထားသော စာချုပ်အား ပယ်ဖျက်ကြောင်း သိစေအပ်ပါသည်။

**ဦးမင်းရောင်စိုး**
**[၁၂/အစန(နိုင်)၂၁၄၄၃၄]**
**ဖုန်း-၀၉-၅၃၀၀၁၅၉**

**ပျောက်ဆုံးခြင်း** ကျွန်တော်မောင်ဖြိုးသီဟကျော်-CDC အမှတ်-၄၄၄၄၂ကိုင်ဆောင်သော GOC ENDORSEMENT No.RE-2822/04သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖြိုးသီဟကျော်(၀၉-၅၅၀၁၇၀၂)**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V NOCC PAMPLONA V.6 သင်္ဘောသည် ၂၄-၃-၂၀၁၆ ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### ( ၄ / ၂၀၁၆ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ) / မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-091(15-16) | Skid Mounted Crude Transfer Pump (300GPM x 500PSI) with Engine (1) Set | US$ |
| (၂) | IFB-092(15-16) | Skid Mounted Crude Transfer Pump (200GPM x 150FT HD) with Engine (1) Set | US$ |
| (၃) | IFB-093(15-16) | Spares for NKK Compressor KJB2 with Waukesha L7042 Gas Engine (24) Items | US$ |
| (၄) | IFB-094(15-16) | Spares for NKK Compressor KB2 with Waukesha H2475 Gas Engine (21) Items | US$ |
| (၅) | IFB-095(15-16) | CNG Filling Dispenser (2) Units | US$ |
| (၆) | IFB-096(15-16) | Spares for P9390GL Waukesha Engine / Cooper MH64 Compressor and Ariel JGk4 Compressor (26) Items | US$ |
| (၇) | IFB-097(15-16) | Spares for Ajax DPC600 Compressor (20) Items | US$ |
| (၈) | IFB-098(15-16) | Spares for Waukesha 12VAT 27GL Engine (42) Items | US$ |
| (၉) | IFB-099(15-16) | Spares for Waukesha L 7042 GSI Engine and Ariel JGK4 Compressor (9) Items | US$ |
| (၁၀) | IFB-100(15-16) | Spares for Waukesha F2895 Engine and Ariel JGE2 Compressor (53) Items | US$ |
| (၁၁) | IFB-101(15-16) | Spares for FLC504 Derrick Shaker Unit (7) Items | US$ |
| (၁၂) | IFB-102(15-16) | Coalescing Gas Filters (Horizontal Type) (2) Nos | US$ |
| (၁၃) | IFB-103(15-16) | Maintenance and Inspection Requirements for Ywama Gas Distribution Station (1) Lot | US$ |
| (၁၄) | IFB-104(15-16) | Maintenance and Inspection Requirements for PLC (Daw Nyein) (1) Lot | US$ |
| (၁၅) | DMP/L-018(15-16) | HP Ao Copier / Plotter and Digital Multi Function Colour Copier (A3) for Geological Use (2) Items | KS |
| (၁၆) | DMP/L-019(15-16) | M.S Plate, M.S Rod & Angle Iron for Craft Boats (6) Nos Repairing Job | KS |
| (၁၇) | DMP/L-020(15-16) | M.S Plate, M.S Pipe, M.S Rod & Angle Iron for River Craft MTB-5 Repairing Job | KS |
| (၁၈) | DMP/L-021(15-16) | Air Compressor (4" x 4" Reciprocating with 12-13HP Diesel Engine) (4) Sets | KS |
| (၁၉) | DMP/L-022(15-16) | Water Transfer Pump with Motor and Water Transfer Pump with Engine (2) Items | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ( ၂၈-၄-၂၀၁၆ ) ရက် ( ၁၆း၃၀ ) နာရီတွင် နောက်ဆုံးထား၍၊ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း ၊ ၀၆၇ - ၄၁၁၀၉၇ / ၄၁၁၂၀၆

